**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၄၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၃၀ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရန်ကုန်-နေပြည်တော်-မန္တလေးရထားလမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းနှင့် ရန်ကုန်-ပြည် ရထားလမ်းပိုင်းများရှိ လူစီးအမြန်ရထားများတွင် ရထားများတိုးချဲ့ ချိတ်ဆက်ပြေးဆွဲ၊ ခရီးသွားပြည်သူများ ရထားစီးနင်းမှုများပြား




နေပြည်တော် မတ် ၂၉

နိုင်ငံတော်ယာယီသမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားစင်းရေများ တိုးချဲ့ပြေးဆွဲခြင်း၊ လက်ရှိပြေးဆွဲလျက်ရှိသော ရထားစင်းရေများတွင် ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများအား မတ်လ ၂၆ ရက်မှစ၍ ဆောင်ရွက်ပေးခဲ့ရာ ရထားစီးခရီးသွားပြည်သူများ ရထားစီးနင်းမှုများပြားလျက်ရှိသည်။

ရန်ကုန်–နေပြည်တော်ရထားလမ်းပိုင်း၌ လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများဖြစ်သည့် အမှတ်(၃၁)အဆန်၊


**စာမျက်နှာ ၁၅ ကော်လံ ၁ ♦**


**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်**


စာ - ၁၆ သို့


**ဆောင်းပါး**

**ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲမှု**


စာ - ၁၃ သို့


## BarCode / QRCode စနစ်သစ်ဖြင့် စက်သုံးဆီရောင်းချနေမှုအခြေအနေများအားဆန်းစစ်အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်တွင် စက်သုံးဆီကို စနစ်တကျသုံးစွဲနိုင်စေရန်နှင့် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန် ရည်ရွယ်၍ Bar Code/QR Code စနစ်သစ်ဖြင့် ၂၇-၃-၂၀၂၆ ရက်နေ့မှစတင်၍ ရောင်းချပေးလျက်ရှိပါသည်။

ထို့အပြင် ယနေ့မှစတင်၍ ပဲခူး၊ ပြင်ဦးလွင်၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်တွင် Bar Code/QR Code စနစ်များကို စတင်အသုံးပြုနေပြီဖြစ်ပါသည်။

စနစ်သစ်ဖြင့်ရောင်းချရာတွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ အခက်အခဲများနှင့် မသမာမှုများအပါအဝင် မမျှော်မှန်းနိုင်သည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနသည် Online Monitoring Center မှ စောင့်ကြည့်ခြင်း၊ Call Center ဖွင့်လှစ်၍ ဖြေရှင်းဆောင်ရွက်ခြင်း၊ ထိန်းကျောင်းကြပ်မတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

QR စနစ်အသုံးပြုနေသည့် မြို့ကြီး ၄ မြို့၌ စနစ်ဟောင်းရောင်းချမှုနှင့် စနစ်သစ်ရောင်းချမှုတို့ နှိုင်းယှဉ်မှုအရ ၂၅-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၈၉၉၀၇ စီး၊


**စာမျက်နှာ ၁၅ ကော်လံ ၁ ▲**





## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၀ ရက်)

# နိုင်ငံတော်နှင့်ပြည်သူကြည်ဖြူစွာလက်တွဲရင်ဆိုင်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၌ ပမာဏ ၇ ဒသမ ၇ (မက်ဂနီကျူ့)ရှိသည့် အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သည်မှာ (၁)နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခု၌ သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူငါးဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦး၊ ဘေးသင့်အိမ်ထောင်စု ၁၆၂၅၆၃ စု၊ ဘေးသင့်လူဦးရေ ၄၂၄၀၆၃ ဦးနှင့် ယာယီရွှေ့ပြောင်းလူဦးရေ ၂၇၉၁၁၁ ဦးရှိခဲ့သည်။ ပျက်စီးဆုံးရှုံးမှုအနေဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၇၉၇၉ ဘီလီယံကျော်ရှိသည်။ နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများစွာရှိခဲ့သကဲ့သို့ ပြည်သူတစ်ဦး၊ တစ်ယောက်ချင်းစီနှင့်မိသားစုများတွင်လည်း စီးပွားရေး၊ လူမှုရေးကအစ ထိခိုက်နစ်နာဆုံးရှုံးမှုများစွာရှိခဲ့ရသောကြောင့် မြန်မာနိုင်ငံအတွက် ကြီးမားသည့်သင်ခန်းစာဟုပင်ပြောရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးပြီးချင်း ငလျင်ဘေးသင့်နေရာများသို့ ချက်ချင်းသွားရောက်ကြည့်ရှုခဲ့သည်။ ပျက်စီးဆုံးရှုံးမှုပမာဏများပြားသည့်အတွက် ချက်ချင်းပင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ငလျင်ဒဏ်သင့်နေရာများကို အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာပြီး ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ပြည်တွင်းပြည်ပက အကူအညီအထောက်အပံ့များပေးအပ်နိုင်ရန် ချက်ချင်းဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre–DMC)ကို ငလျင်ဖြစ်ဖြစ်ပြီးချင်း ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ညနေပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများကို ကဏ္ဍအလိုက် နေ့ညမပြတ် အားသွန်ခွန်စိုက်ဖြင့် စနစ်တကျဆောင်ရွက်ပေးခဲ့ကြသည်။ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်ကြောင့် ပြိုကျအဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်နိုင်ရေး၊ ငလျင်ဘေးသင့်သူများ မိုးမကျမီယာယီအမိုးအကာအောက်ရောက်ရှိရေး၊ လတ်တလောစားဝတ်နေရေးအဆင်ပြေစေရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့်သောက်သုံးရေရရှိရေး၊ ကျောင်းများအချိန်မီပြန်ဖွင့်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စသည်များကိုဦးစားပေးပြီး အလျင်အမြန်လုပ်ဆောင်ပေးခဲ့သည်။

နိုင်ငံတော်အနေဖြင့် မန္တလေးငလျင်ကြောင့် သေဆုံးခဲ့သူတစ်ဦးကို ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ကျန်ရစ်သူမိသားစုများကိုထောက်ပံ့ပေးခဲ့သကဲ့သို့ ထိခိုက်ဒဏ်ရာရသူများနှင့် ပြည်သူလူထုအိမ်ရာပျက်စီးမှုများအတွက် ငွေနှင့်တည်ဆောက်ရေးပစ္စည်းများကို ငွေကျပ်ဘီလီယံ ၁၆၀၀ ကျော်ထောက်ပံ့ပေးခဲ့သည်။ ဘာသာရေးကျောင်းများ၊ရုံးဌာနများနှင့် ဝန်ထမ်းအိမ်ရာများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာအဆောက်အအုံများ ပြန်လည်ပြင်ဆင်မွမ်းမံရန်၊ အသစ်ပြန်လည်တည်ဆောက်ရန်ထောက်ပံ့ခြင်း စသည်တို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၃၄၂၁ ဒသမ ၉၅၇ ဘီလီယံကျော်ထောက်ပံ့ပေးခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၂၈ ရက် မွန်းလွဲပိုင်းတွင်ကျင်းပသည့် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု (၁)နှစ်ပြည့်အခမ်းအနား၌ အမှာစကားပြောကြားစဉ် **“နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေတိုရေရှည်အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိရာ မူလအခြေအနေထက်ပိုမိုသာလွန်ကောင်းမွန်သည့်ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မှ ချန်လှပ်မှုမရှိစေရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီပေးမှုနှင့် လူမှုကာကွယ်ရေး၊ အခြေခံအဆောက်အအုံများပြန်လည်တည်ဆောက်ရေး ၊စီးပွားရေးပြန်လည်ရှင်သန်ရေးနှင့်ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများဖြစ်ရေး စသည့်မဟာဗျူဟာမြောက်မဏ္ဍိုင်ကြီးသုံးရပ်ဖြင့်ဆောင်ရွက်ရန် လမ်းညွှန်အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ငလျင်ဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင်ပြသခဲ့ကြသည့် မိဘပြည်သူများ၏မေတ္တာစေတနာ၊ ရဲစွမ်းသတ္တိ၊ စည်းလုံးညီညွတ်မှုနှင့် ဖွဲ့လုံ့လများသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးနှင့်ဂုဏ်ယူစရာအကောင်းဆုံးအမျိုးသားရေးဆိုင်ရာအရင်းအနှီးများပင်ဖြစ်သည်။ အသက်အန္တရာယ်များကြားမှကြံ့ခိုင်ရဲဝံ့စွာဖြင့်သတ္တိရှိရှိကြိုးစားရှင်သန်ကျန်ရစ်ပေးကြသည့် ပြည်သူများကိုလည်း ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း နိုင်ငံတော်အကြီးအကဲကပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် ငလျင်ဘေးပြန်လည်ထူထောင်ရေးကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးတွင် ပြီးစီးမှု ၈၄ ရာခိုင်နှုန်းခန့်ရှိပြီး အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ အနာဂတ်တွင် သဘာဝဘေးဒဏ်အပါအဝင် နိုင်ငံ့အတွက် ကျရောက်လာမည့် အန္တရာယ်ရန်စွယ်အခက်အခဲမှန်သမျှကို **နိုင်ငံတော်နှင့်ပြည်သူကြည်ဖြူစွာလက်တွဲရင်ဆိုင်**ပြီး စည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းကာ ကြံ့ကြံ့ခံနိုင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကိုတည်ဆောက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မုံရွာမြို့နယ်၌ နှမ်းစိုက်ခင်းများရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး၊ တစ်ဧက ၁၂ ဒသမ ၇၉ တင်းထွက်ရှိ

မုံရွာ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောနှမ်းများရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် နှမ်း ၁၂၅၇၃ ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ်ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ ယနေ့အထိရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၂ ဒသမ ၇၉ တင်းထွက်ရှိကြောင်း သိရသည်။

“နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်တိုးတက်လာပါတယ်။ နှမ်းကိုမိုးမှာထက်ဆောင်းမှာပဲ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်”ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

မုံရွာမြို့နယ်၌ နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးကြောင်းသိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၃-၂၀၂၆(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၉:၀၀ | Sport News | ၄။ | ၁၆:၄၀ | I Music |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ | ၁၅:၀၀ | Jumping For You | ၆။ | ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သာပေါင်းမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားဧကအားလုံးစိုက်ပျိုးပြီးစီး



သာပေါင်း မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် သာပေါင်းမြို့နယ်၌ စပါး ၉၄၀၀၂ ဧကစိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''သာပေါင်းမြို့နယ်မှာ လက်ရှိစပါးလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးတွေစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေစိုက်ပျိုးတဲ့နွေစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ သွင်းအားစုတွေကိုလည်း ပံ့ပိုးပေးထားပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီရေးကိုလည်း ဆက်လက်ဆောင်ရွက်ပေးနေပါတယ်'' ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူကပြောသည်။

သာပေါင်းမြို့နယ်၌ ရက် ၉၀၊ GW-11 ၊ ဆာဖိုးသာ၊ GW-1၊ ဗျောက်သုခ၊ ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် ဈေးကွက်ကောင်းခြင်း၊ စပါးအရည်အသွေးကောင်းမွန်ခြင်းနှင့် အထွက်နှုန်းကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း သိရသည်။

**သုတကျော်**

# ပွင့်ဖြူမြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် သင်္ဘောပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပွင့်ဖြူ မတ် ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံပြည်သူများက မြေအောက်ရေအသုံးပြု၍ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် သင်္ဘောပင်စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြရာ အပင်များအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ သင်္ဘောပင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၏ပြောပြချက်အရ သိရသည်။

သင်္ဘောပင်ကို ဂရုတစိုက်ပြုစုပျိုးထောင်ပါက မိသားစုဝင်ငွေတိုးပွားစေမည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ဒေသခံတောင်သူများက တခြားစားဖိုဆောင်သီးနှံများနှင့် တွဲဖက်စိုက်ပျိုးကြကြောင်း သိရသည်။

သင်္ဘောပင်သည် ရေဝပ်သောနေရာနှင့် ရေခြောက်သွေ့သောနေရာများ၌ စိုက်ပျိုးပါက ဖြစ်ထွန်းမှုနည်းပြီး သဲနုန်းမြေ သို့မဟုတ် နုန်းမြေများ၌ စိုက်ပျိုးပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း၊ စိုက်ပျိုးရာတွင်လည်း တစ်ပင်နှင့်တစ်ပင် အနည်းဆုံး ၅ ပေခြား စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီးခြောက်လအကြာတွင် စတင်ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး တချို့တောင်သူများသည် နေ့စဉ်ဝင်ငွေရရှိသည့် သင်္ဘော၊ ပိန္နဲ၊ သံပရာ၊ ရှောက်သီး၊ မာလကာသီး စသည့်သီးနှံများနှင့် စားဖိုဆောင်သီးနှံမျိုးစုံ၊ ဘုရားပန်းမျိုးစုံတို့ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# နောင်ချိုမြို့နယ်၌ နွေရာသီအခြေခံခဲပန်းချီရေးဆွဲနည်းသင်တန်းဆင်း



နောင်ချို မတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် နွေရာသီအခြေခံခဲပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲအခမ်းအနားကို မတ်လ ၂၉ ရက်တွင် လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ရေးဦးစွာ သင်တန်းနည်းပြ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းဘိုက သင်တန်းသား၊ သင်တန်းသူများအား သင်ကြားပို့ချပြသပေးခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင်ဆုရရှိကြသည့် မအိမ့်သက်ချယ်၊ မနန်းနှင်းထက်ချယ်ရီ၊ မောင်ဇော်မျိုးထက်၊ မောင်အောင်ဘုန်းခန့်နှင့် မချစ်စနိုးနဒီတို့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် သင်တန်းတွင် သင်ကြားပို့ချပေးသည့် သင်တန်းနည်းပြအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများက သင်တန်းတက်ရောက်ခဲ့ရမှုအပေါ် မိမိတို့၏အတွေ့အကြုံများကိုပြောကြားပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းထွေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ နွေရာသီအခြေခံခဲပန်းချီရေးဆွဲနည်းသင်တန်းကို ဖေဖော်ဝါရီလ ၂၃ ရက်မှ မတ်လ ၂၈ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# တောင်ကိုရီးယားနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှတစ်ဆင့် EPS စနစ်ဖြင့် မတ်လအတွင်း လုပ်သားသစ် ၁၂၁ ဦး စေလွှတ်

ရန်ကုန် မတ် ၂၉

တောင်ကိုရီးယားနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ(POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မတ်လအတွင်း လုပ်သားသစ် ၁၂၁ ဦး စေလွှတ်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ(POEA) မှတစ်ဆင့် EPS စနစ်ဖြင့်စေလွှတ်ခဲ့သော ဝန်ဆောင်မှုလုပ်သား စုစုပေါင်း ၁၇ ဦးကို အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်က ကိုရီးယားလေကြောင်းလိုင်း KE 492 ခရီးစဉ်ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်သား ၇၂ ဦး၊ စိုက်ပျိုးရေးလုပ်သားတစ်ဦး စုစုပေါင်း ၇၃ ဦးကို ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်က ထိုင်းလေကြောင်းလိုင်း TG 656 ခရီးစဉ်ဖြင့်လည်းကောင်း၊ Re-entry လုပ်သားတစ်ဦးကို ၂၀၂၆ ခုနှစ် မတ်လ ၁၂ ရက်က ထိုင်းလေကြောင်းလိုင်း TG 656 ခရီးစဉ်ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်သား ၂၉ ဦးနှင့် ဆောက်လုပ်ရေးလုပ်သားတစ်ဦး စုစုပေါင်း ၃၀ ဦးကို အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၂၀၂၆ ခုနှစ် မတ်လ ၁၅ ရက်က ထိုင်းလေကြောင်းလိုင်း TG 656 ခရီးစဉ်ဖြင့်လည်းကောင်း အသီးသီးစေလွှတ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသို့ရောက်ရှိလာသော မြန်မာအလုပ်သမားများအနေဖြင့် အခက်အခဲရှိပါက ဆိုးလ်မြို့ရှိ မြန်မာသံရုံးသို့ အချိန်မရွေးဆက်သွယ်နိုင်ကြောင်း သိရသည်။

ဆိုးလ်မြို့ရှိ မြန်မာသံရုံးသည် တောင်ကိုရီးယားနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသည့်အလုပ်သမားများ၏ ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်နိုင်ငံတည်ဆဲဥပဒေများနှင့်အညီ ရသင့်ရထိုက်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖြူဖြူ**



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

ကျော်ထွန်းညိုသည် ဟိုတွေး ဒီတွေး တွေးရင်း သံကြိုးရုံးထဲသို့ဝင်လိုက်သည်။ အမာညိုမျောက်မက မျောက်လေး တစ်ကောင်မွေးထားသည်ဟု မေမေကြီးက အချိန်ပြည့်ညည်းနေတတ်သည်။ အမာညို၏သားတော်မောင်ကိုလည်း ညီလင်းက 'ဟနုမာန်'ဟု ကြုံကြုံဖန်ဖန်အမည်ပေးထားသည်။ မီးတောက်အောင် ဆော့လွန်း၍ မျောက်အမည်ပေးထားခြင်းဖြစ်သည်ဟု ဆိုသည်။ ပေါက်ကျိုင်းနှင့် အမာညိုတို့က တဆူဆူ၊ တညံညံဖြင့် ကန့်ကွက်ကြသော်လည်း ထိုအမည်သည် အတည်ဖြစ်ပြီး လူတိုင်းနှုတ်ဖျားတွင် စွဲနေလေသည်။ 'သားကြီးရယ် မိန်းကလေးပဲ လိုချင်တယ်၊ သက်သက်လို အေးအေးဆေးဆေး မိန်းကလေးမျိုး' ဟု တဖွဖွပြောခဲ့သော မေမေနှင့်မေမေကြီးတို့ကမူ မိသက်က သမီးလေးမွေးကြောင်းသိလျှင် အလွန်ကျေနပ်ဝမ်းသာသွားကြမည်ထင်သည်။

'အင်း ငါ့သမီးကို ညီလင်းတွေ့ရင် ဘာနာမည်များ မှည့်ဦးမယ်မသိဘူး'

ကျော်ထွန်းညိုသည် သံကြိုးရိုက်ရန် စကားလုံးစဉ်းစားနေစဉ် ညီလင်းကို သတိရမိသေးသည်။ ထို့နောက် အစိုးမရသော စိတ်အစဉ်က စုလှိုင်ဆီသို့ လှစ်ကနဲရောက်သွားသည်။ စုလှိုင်၏ဝမ်းတွင် သန္ဓေတည်ခဲ့သော ညီလင်း၏သွေးသားသည်လည်း လူ့ပြည်သို့ရောက်ခွင့်ရလျှင် ချစ်စရာကလေးငယ်လေးသာ ဖြစ်ပေလိမ့်မည်။

'လေယာဉ်က အတက်မှာပျက်ကျတာတဲ့၊ ပင်လယ်ထဲထိုးကျသွားတယ်လို့ပြောတာပဲ'

ကြေးနန်းလက်ခံသူက တခြားတစ်ဦးကိုပြောနေသည်။ ကျော်ထွန်းညိုကို စကားလုံးစီရန် စာရွက်လေးတစ်ရွက် ကမ်းပေးလိုက်ရင်း သူ့စကားကို သူဆက်ပြောသည်။

'ခရီးသည်တွေ ရှင်ဖို့တော့ ဘယ်လွယ်မလဲ'

'ဘာလဲဟင် လေယာဉ်ပျက်ကျလို့လား'

ကျော်ထွန်းညိုက ဝင်မေးမိသည်။

'ဟုတ်တယ်၊ သံတွဲက အတက်လေ၊ မဇင်လေဆိပ်မှာပေါ့၊ ပင်လယ်ထဲ ထိုးကျသွားတာတဲ့'

> **"စုလှိုင်၏ဒူးများသည် ရုတ်တရက် ယိုင်ညွတ်လာသည်။ အားအင်ကုန်ခန်းသွားသလို မောဟိုက်လာသည်။ စိတ်ထဲမှနေပြီး 'မာမီသေပြီ။ မာမီမရှိတော့ဘူး' ဟု အော်ဟစ်နေမိလေသည်။**
>
> **'မမ'**
>
> **ထွန်းသည် စုလှိုင်၏ဘေးတွင်ရပ်ကာမော်ကြည့်နေသည်။ စုလှိုင်ပြိုလဲလာပါက ဆီးဖမ်းတော့မယောင် လက်လေးအသင့်ပြင်ကာရွယ်ထားရင်း မျက်ရည်ဝိုင်းနေသည်. . ."**

'ဟုတ်လား ကျွတ်ကျွတ်၊ ခရီးသည်တွေတော့ နည်းမှာမဟုတ်ဘူး သံတွဲတွင် အသိ ရှိ၊ မရှိ စိတ်ထဲမှအပြေးအလွှား စဉ်းစားလိုက်မိသည်။ အမှတ်ရသလောက်တော့မရှိပေ။ သူကိုယ်တိုင်လည်း သံတွဲသို့ တစ်ခါတစ်ခေါက်မျှ ရောက်ဖူးသူမဟုတ်ပေ။ ထို့ကြောင့် စိတ်မကောင်းဖြစ်မိသော်လည်း သိပ်တော့ နင့်နင့်နဲနဲကြီးဖြစ်မသွားချေ။ မူလကိစ္စဖြစ်သော သံကြိုးရိုက်ရေးကို ပြန်သတိရသောအခါ စာရွက်လွတ်ပေါ်တွင် တိုတိုနှင့်လိုရင်းရောက်စေရန် စာစီကြည့်ရင်း လေယာဉ်ပျက်ကျသည့်ကိစ္စသည် ခေါင်းထဲမှထွက်သွားသည်။

'သက်၊ မိန်းကလေးမွေး၊ နှစ်ဦးစလုံး ကျန်းမာ'

■ ■ ■ ■ ■

'ဘာပြောတယ်၊ လေယာဉ်ပျက်ကျတယ်ဟုတ်လား၊ မာမီပါသွားတယ်ဟုတ်လား ဟင် ဟင် ဟုတ်ရဲ့လား'

စုလှိုင်က အော်ဟစ်၍ပြောလိုက်သည်။ သူ့ရှေ့တွင်ရပ်နေသော ဒက်ဒီကို မမှတ်မိတော့သလို ပြူးကြောင်၍ကြည့်နေသည်။ ဒက်ဒီဘေးတွင် ဖြူရော်ဖျော့တော့သောမျက်နှာတစ်ခုကိုတွေ့ရသည်။ ထိုမျက်နှာကို အတန်ကြာအောင် ငေးကြည့်နေမိပြီးမှ ဖရက်ဒီဖြစ်ကြောင်းကို သူ့ဦးနှောက်က အသိပေးလာသည်။

'ဟုတ်တယ် စု၊ မာမီလည်းပါသွားတယ်'

'မာမီ၊ စုမာမီလား'

'စုမာမီရော၊ ကိုယ့်မာမီရော'

ဖရက်ဒီက တုန်ယင်စွာပြောသည်။ စုလှိုင်မယုံချင်။ မာမီနှင့်အန်တီကြည်တို့သည် ငပလီသို့အပန်းဖြေရန် သွားကြသည်။ အလုပ်များသော ဒက်ဒီကလည်း လိုက်မသွားနိုင်။ စာမေးပွဲနီးလှပြီဖြစ်သော စုလှိုင်ကလည်း လိုက်မသွားနိုင်ပေ။ သူတို့အဖွဲ့ထဲတွင် အမျိုးသားနှစ်ဦးပါသွားမည်ဖြစ်သည်ကိုလည်း အလိုလိုသိနေသည်။

'မာမီတစ်ပတ်လောက်ပဲ ကြာမှာပါ စု၊ ငပလီမှာ ဒီအချိန်က ရေကူးလို့လည်း မကောင်းပါဘူး၊ အဖော်ကောင်းလို့သာ လိုက်သွားတာ၊ စုအတွက် ခရုပုတီးလှလှလေးတွေဝယ်ခဲ့မယ်'ဟု ပြောသွားခဲ့သည်။ မာမီတို့ ယနေ့ပြန်လာမည် ဟူသောသံကြိုးကိုရသည်ဟု ဖရက်ဒီက နေ့ခင်းကပြောသေးသည်။ စုလှိုင် လိုက်မကြိုဟုသာ ပြောလိုက်သည်။ စာမေးပွဲနီးလှပြီမို့ စာကို သာအလေးပေး၍ ကျက်နေသည်။ 'ဖိုး' ကိုပင် ကြိုးစားပြီး မရှုဘဲနေသည်။ တတ်နိုင်သမျှ လျှော့၍သုံးသည်။ နောက်ဆုံးနှစ်စာမေးပွဲကို အမှတ်ကောင်းကောင်းဖြင့် အောင်မြင်လိုသောကြောင့်ဖြစ်သည်။ စုလှိုင်သည် နေရာတကာ သူများထက် သာခဲ့သူမို့ သူတစ်ပါးက သူ့ထက်သာကာ အမှတ်ကောင်းကောင်းရသွားမည်ကို စိုးရိမ်စိတ်အပြည့်ရှိသည်။ ရှင်းရှင်းပြောရလျှင် စုလှိုင်စာကျက်သည်မှာ ပညာကိုတန်ဖိုးထားလှသောကြောင့် မဟုတ်ချေ။ သူများထက်သာလိုသောကြောင့် ဖြစ်သည်။

'စု ကြောင်မနေနဲ့'

ဒက်ဒီက စုလှိုင်၏ပခုံးကို ကိုင်လှုပ်လိုက်သည်။ စုလှိုင်သည် ဆတ်ခနဲတုန်သွားပြီး ခုနတုန်းက သူတို့ပြောသော စကားကို ပြန်လည်အမှတ်ရသည်။

လေယာဉ်ပျက်ကျသည်တဲ့၊ မာမီပါသွားသည်တဲ့။

'မာမီ မာမီ အို မာမီ'

'စိတ်ခိုင်ခိုင်ထား စု'

လေယာဉ်ပျက်ကျရာတွင် မာမီပါသွားသည်။ ထိုထက်ဆက်ပြီး စုလှိုင်မတွေးရဲပေ။

'အို မာမီ ဘာဖြစ်သွားလဲ'

'သေဖို့များတာပေါ့ စုရယ်၊ ဘယ်တတ်နိုင်မှာလဲ'

အခန်းဝတွင်ရပ်နေသော ထွန်းက သူတို့ကို မျက်လုံးလေးအဝိုင်းသားဖြင့် ကြည့်နေသည်။ သူ့ဘေးမှ မအေးတင်ကမူ မျက်ရည်တွေစီးကျလာကာ အခန်းထဲပြေးဝင်လာလေသည်။

'မမသေပြီ ဟုတ်လား၊ အမလေး မမရဲ့'

စုလှိုင်သည် ရှိုက်ငင်နေသော မအေးတင်ကိုကြည့်ကာ နောက်ဘက်သို့ ထိတ်လန့်တကြားဆုတ်လိုက်သည်။ သူတို့အားလုံးကို ရန်သူလိုကြည့်ကာ စူးစူးဝါးဝါး အော်လိုက်သည်။

'ဘာ သေရမှာလဲ၊ ဘယ်သူသေရမှာလဲ၊ မသေဘူး'

မာမီသည် စုကို ဘယ်သောအခါကမှ တယုတယဂရုစိုက်ခဲ့သူတော့ မဟုတ်ချေ။ မာမီရင်ခွင်တွင် စုလှိုင် မခိုဝင်ခဲ့ရဖူးချေ။ သို့သော်လည်း မာမီကို ဤကမ္ဘာ ဤလောကကြီးတွင် သက်ရှိထင်ရှားရှိစေလိုသည်။ ခရေပင်ပေါ်မှ ခရေပန်းလေး ဖြုတ်ခနဲကြွေကျသွားသလို သူ၏မာမီသည် ရုတ်တရက် သေဆုံးပျောက်ကွယ်သွားပြီဟု ဆိုသည်ကို လက်မခံနိုင်ချေ။

'စု စိတ်ကိုငြိမ်ငြိမ်ထားမှပေါ့'

ဒက်ဒီက ရှေ့သို့တိုးလာသည်။ ဒက်ဒီ၏မျက်ဝန်းများသည် နီနေပြီး ထူဝန်းပြည့်ဖြိုးသောနှုတ်ခမ်းသည် ဖြူရော်ခြောက်သွေ့နေလေသည်။

'ဘာလို့ ကယောင်ချောက်ချားဖြစ်နေရတာလဲ သမီးရယ်၊ အမှန်တရားကို လက်ခံစမ်းပါ'

ဒက်ဒီက စုကိုမခေါ်စဖူး သမီးဟု လှိုက်လှဲသောအသံဖြင့်ခေါ်သည်။ ဖရက်ဒီသည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ရင်း နံရံပေါ်မှပြက္ခဒိန်ကို ငေးကြည့်နေလေသည်။ သို့သော် မြင်ပုံမရချေ။ သူ့မျက်လုံးအိမ်တွင် မျက်ရည်များနှင့် ရီဝေနေသည်။

စုလှိုင်၏ဒူးများသည် ရုတ်တရက် ယိုင်ညွတ်လာသည်။ အားအင်ကုန်ခန်းသွားသလို မောဟိုက်လာသည်။ စိတ်ထဲမှနေပြီး 'မာမီသေပြီ။ မာမီမရှိတော့ဘူး' ဟု အော်ဟစ်နေမိလေသည်။

'မမ'

ထွန်းသည် စုလှိုင်၏ဘေးတွင်ရပ်ကာမော်ကြည့်နေသည်။ စုလှိုင် ပြိုလဲလာပါက ဆီးဖမ်းတော့မယောင် လက်လေးအသင့်ပြင်ကာရွယ်ထားရင်း မျက်ရည်ဝိုင်းနေသည်။

'မာမီသေပြီတဲ့ ထွန်းရယ်'

'မေမေ့လို အိပ်သွားတာလား'

'အင်းလေ အင်းပေါ့'

နဂိုကတည်းက အားနည်းကာပိန်နေသော စုလှိုင်၏ကိုယ်လုံးလေးသည် ကြည့်ရင်းကြည့်ရင်း ပိုပြီးပိန်သွားဟန်ရှိသည်။ ဖြူရော်ဖျော့တော့သော မျက်နှာလေးတွင်မူ သွေးတစ်စက်မျှရှိပုံမရတော့ချေ။

'ဘယ်တတ်နိုင်မှာလဲ သမီးရယ်၊ လူဆိုတာ သေမျိုးချည်းပဲဟာ၊ တရားနဲ့ဖြေရမှာပေါ့'

စုလှိုင်က နံရံကိုမှီထားကာ မူးဝေလာစဉ် ဒက်ဒီကတရားသံနှင့်ပြောသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ရွှေကျင်မြို့၌ နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှုအဖြစ် စာအုပ်စာစောင်များကွင်းဆင်းပြသ

ရွှေကျင် မတ် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှုအဖြစ် စာအုပ်၊ စာစောင်များ ခင်းကျင်းပြသပေးခြင်းကို မတ်လ ၂၈ ရက်က ရှမ်းကြေးရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးငြိမ်း ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/ကော်မတီများမှထုတ်ဝေသည့် ရုပ်ပြ၊ ကဗျာစာအုပ်များ၊ သုတ/ရသစာအုပ်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက်ကို ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ စာပေကိုချစ်မြတ်နိုးတတ်စေရန်နှင့် အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ဘားအံမြို့၌ ကွန်ပျူတာသင်ခန်းစာဆန်းစစ်ချက်များ ဖြေဆိုပြိုင်ပွဲကျင်းပ

ဘားအံ မတ် ၂၉

ကရင်ပြည်နယ် ဘားအံမြို့၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာပညာရပ်များကို အလွယ်တကူလေ့လာသင်ကြားနိုင်ရေးအတွက် အခြေခံကွန်ပျူတာသင်တန်း (၁/၂၀၂၆)ကို မတ်လ ၁၀ ရက်က စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ သင်ခန်းစာဆန်းစစ်ချက်များ ဖြေဆိုပြိုင်ပွဲကို မတ်လ ၂၈ ရက်က ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ကွန်ပျူတာသင်ခန်းစာ ဆန်းစစ်ချက်များ ဖြေဆိုပြိုင်ပွဲတွင် ကွန်ပျူတာတက္ကသိုလ် (ဘားအံ)မှ တွဲဖက်ပါမောက္ခ ဒေါ်ပိုးအိဖြူက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတို့က သင်တန်းကာလအတွင်း သင်ကြားခဲ့သော သင်ခန်းစာဆန်းစစ်ချက်များကို ဖြေဆိုခဲ့ကြသည်။

အဆိုပါဆန်းစစ်ချက်များဖြေဆိုပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

# အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေမှု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် လှည့်လည်ဖူးမြော်ကြည့်ရှုပြီး အလှူတော်ငွေများဆက်ကပ်လှူဒါန်း

တောင်ကြီး မတ် ၂၉

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ အတုလ မာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ဖူးမြော်ကြည့်ရှုသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပါဠိပထမပြန်စာမေးပွဲတွင် ကြီးကြပ်နေသော ဆရာတော်များအား ဖူးမြော်ကြည်ညို ပြီး စာပြန်ပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် ၂၂၅ သိန်းကို ဆရာတော်ကြီးထံ ပေးအပ်လှူဒါန်း ကြရာ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည် ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မြို့လယ်ဓမ္မာရုံ၌ ပါဠိပထမပြန်စာမေးပွဲ အကြီးတန်း၊ အလတ်တန်း၊ မူလတန်းအဆင့်ဖြေဆိုနေသည့်စာဖြေသံဃာတော်များနှင့် တောင်ကြီးမြို့ သာသနာလင်္ကာရကမ္ဘောဇသာသနာ့ဗိမာန်၌ ပါဠိပထမပြန်စာမေးပွဲ မူလတန်းအဆင့် ဖြေဆိုနေသော စာဖြေသံဃာများအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

မြို့လယ်ဓမ္မာရုံ၌ အစိုးရဓမ္မာစရိယဖြေဆို ၂၁ ပါး၊ ပါဠိပထမပြန်စာမေးပွဲတွင် အကြီးတန်းအဆင့် ၅၇ ပါး၊ အလတ်တန်းအဆင့် ၁၁၄ ပါး၊ သီလရှင် ၂၁ ပါးဖြေဆိုကြပြီး ကမ္ဘောဇသာသနာ့ဗိမာန်၌ မူလတန်းအဆင့် ၇၈၀ ပါး၊ ပထမငယ်တန်း ၃၈၁ ပါး ဖြေဆိုလျက်ရှိသည်။

ယမန်နေ့ ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရေးရုံ၌



ကျင်းပသည့် SHAN STATE VOLLEYBALL LEAGUE 2025–2026 ကလပ်ပေါင်းစုံ အမှတ်ပေးဘော်လီဘောပြိုင်ပွဲ အမှတ်ပေး ချန်ပီယံနောက်ဆုံးပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဦးစွာ အမှတ်ပေးချန်ပီယံ နောက်ဆုံးပွဲစဉ်အဖြစ် သလဲဦး+မိုင်းသောက်အသင်းနှင့် နန်းပန်+နောင့်တောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သလဲဦး+မိုင်းသောက်အသင်းက ၃ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိသွားသည်။

နောက်ဆုံးပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အဋ္ဌမဆုရရှိသော ရွာမ+ကလောအသင်း၊ သတ္တမဆုရရှိသော မိုင်းပျိုး+တောင်တိုအသင်းတို့အား ငွေသားဆုကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဆဋ္ဌမဆုရရှိသော အင်းပေါခုံ+ကျေးပေါခုံအသင်း၊ ပဉ္စမဆုရရှိသော အင်းယား+ပုန်နှမူအသင်းနှင့် စတုတ္ထဆုရရှိသော ရွာသာ+တောင်ပို့ကြီးအသင်းတို့အား ငွေသားဆုများကိုလည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက တတိယဆုရရှိသော နန်းပန်+နောင့်တောအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ဒုတိယဆုရရှိသော အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပထမဆုရရှိသော သလဲဦး+မိုင်းသောက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်ပေးချန်ပီယံ ပထမဆုရရှိသော သလဲဦး+မိုင်းသောက်အသင်းအား ငွေသားဆုငွေကျပ်သိန်း ၅၀ နှင့်ဆုဖလားကိုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ရန်ကုန်ဂေါက်သီးရိုက်အသင်း၏ (၁၁၇)ကြိမ်မြောက် Annual At Home အခမ်းအနားနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




ရန်ကုန်ဂေါက်သီးရိုက်အသင်းမှ Captain ဦးကိုကိုအေး Captain Cup ပြိုင်ပွဲ အမျိုးသမီးပွဲစဉ် ပထမဆုရရှိသူအား ဆုချီးမြှင့်စဉ်။

ရန်ကုန် မတ် ၂၉

ရန်ကုန်ဂေါက်သီးရိုက်အသင်း၏ (၁၁၇) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား၊ အသင်းသူများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲများကို မတ်လ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အဆိုပါဂေါက်ကွင်း၌ အောင်မြင်စွာကျင်းပခဲ့ပြီး ဆုပေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်ဂေါက်သီးရိုက်အသင်း Captain ဦးကိုကိုအေးက အဖွင့်နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ Captain ဦးကိုကိုအေး၊ အတွင်းရေးမှူး ဦးခင်မောင်တင့်နှင့် ဘဏ္ဍာရေးမှူး ဦးဇေယျာအောင်တို့က ၂၀၂၅ ခုနှစ်အတွက် ဝန်ထမ်းများ၏ Bonus ဆုကြေးငွေကျပ် ၆၈၉၁၀၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူးဦးခင်မောင်တင့်က Annual At Home အတွက် ပါဝင်ကူညီကြသူ စေတနာရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး ပါဝင်ကူညီသူများစာရင်းကို ကြေညာကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် ရန်ကုန်ဂေါက်သီးရိုက်အသင်းမှ Captain ဦးကိုကိုအေးက ယခင် Captain ဟောင်းများအား နေရာအရောက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ခုနှစ်တွင်ကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဆုရရှိသူများကို ရန်ကုန်ဂေါက်သီးရိုက်အသင်း ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ကိုကိုချစ်က ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ၂၀၂၆ ခုနှစ် Professional အဆင့်အတွက် ဆုရရှိသူများကို အတွင်းရေးမှူး ဦးခင်မောင်တင့်ကလည်းကောင်း၊ ၂၀၂၅ ခုနှစ်အတွက် Club Championship ဆုများကို နာယက ဦးဇော်မင်းကလည်းကောင်း၊ မတ်လ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပခဲ့သော Captain Cup ပြိုင်ပွဲတွင် ဆုရရှိသူများကို ရန်ကုန်ဂေါက်သီးရိုက်အသင်းမှ Captain ဦးကိုကိုအေးကလည်းကောင်း၊ ၂၉ ရက်တွင် ကျင်းပခဲ့သော ပြိုင်ပွဲများ၌ ဆုရရှိသူများကို ရန်ကုန်ဂေါက်သီးရိုက်အသင်းလုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်မောင်ဝင်းကလည်းကောင်း၊ ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိ Hole In One ဆုရရှိသူများကို ရန်ကုန်ဂေါက်သီးရိုက်အသင်းမှ ဂေါက်ကွင်း စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးချန်ထွန်းအောင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ရန်ကုန်ဂေါက်သီးရိုက်အသင်း နှစ်ပတ်လည် အသင်းသား၊ အသင်းသူများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲ ရွှေအဆင့် (H' Cap 0–12) ပြိုင်ပွဲတွင် အားကစားသမား ၂၇ ဦး၊ ငွေအဆင့်(H' Cap 13–18) ပြိုင်ပွဲတွင်အားကစားသမား ၄၂ ဦး၊ ကြေးအဆင့် (H' Cap 19–24) ပြိုင်ပွဲတွင် အားကစားသမား ၅၁ ဦး၊ အမျိုးသမီးပြိုင်ပွဲတွင် အားကစားသမား ကိုးဦး၊ Professional အဆင့်ပြိုင်ပွဲတွင် အားကစားသမားခြောက်ဦး စုစုပေါင်း အားကစားသမား ၁၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)ကို ၁၉၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၁၇ နှစ်ရှိ ဂေါက်ကွင်းတစ်ခုဖြစ်ကြောင်း သိရသည်။

မြဝတီ

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုအပန်းဖြေ လေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းမြတ်သုံးပါးရုပ်တုတို့အား အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား **မတ်လ ၂၇ ရက်မှ ၃၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ** ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တပ်မတော်နေ့ကျင်းပရေး
စီမံခန့်ခွဲရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

၂၉-၃-၂၀၂၆

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေကျင် | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မိတ္ထီလာ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# ဖြူးမြို့နယ် သပြေလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေး

ဖြူး မတ် ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချင်းခင်ကျေးရွာအုပ်စု သပြေလှကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို မတ်လ ၂၉ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က သပြေလှကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၉ ဒသမ ၆၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သပြေလှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးအတွက် ငွေကျပ် ၂၂ ဒသမ ၀၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၀ ဦးအတွက် ငွေကျပ် ၁၇ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၉ ဦးအတွက် ငွေကျပ် ၃၉ ဒသမ ၆၈ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# မိုးညှင်းမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင် ဆုနှင်းသဘင်အခမ်းအနားကျင်းပ



မိုးညှင်း မတ် ၂၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် သာသနာရေးဦးစီးဌာနမှကြီးမှူး၍ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို မတ်လ ၂၈ ရက်က ဥတ္တရာရာမကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြပြီးနောက် မြို့နယ်သံဃနာယကဆရာတော်ကြီးနှင့် သံဃာတော်များအား အမှူးထား၍ ရတနာသုံးပါးကန်တော့ခြင်း၊ ငါးပါးသီလခံယူဆောက်တည်ကြခြင်းတို့ ဆောင်ရွက်ကြပြီး မော်ပင့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥာဏိန္ဒထံမှ ဩဝါဒကထာတရားနာယူကြသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီးနောက် စာအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ မိုးညှင်းတက္ကသိုလ်မှ ပါမောက္ခချုပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း) မှ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက စာအောင်လက်မှတ်များကို အသီးသီးဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် မိုးညှင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် ပထမကြီးတန်းတွင် သံဃာတော်နှင့် သီလရှင်သုံးပါး၊ ပထမလတ်တန်းတွင် သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်လေးပါး၊ ပထမငယ်တန်းတွင် သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ် ၁၃ ပါး၊ အခြေပြုမူလတန်းတွင် သံဃာတော်နှင့်သီလရှင် ၃၃ ပါး စုစုပေါင်း ၅၃ ပါးအား တာဝန်ရှိသူများက ဆုများ အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# မိုးလေဝသ သတင်း





# စပါးရိတ်သိမ်းချိန် စက်သုံးဆီလိုအပ်ချက်ရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကူညီဆောင်ရွက်ပေးမည်

ရန်ကုန် မတ် ၂၉

တောင်သူကြီးများအနေဖြင့် စပါးရိတ်သိမ်းချိန်တွင် စက်သုံးဆီလိုအပ်ချက်ရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ၊ ယင်းနှင့်ဆက်စပ်သောတောင်သူများ၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏အသင်းဝင်တောင်သူများ စပါးရိတ်သိမ်းချိန်တွင် ရိတ်သိမ်းခြွေလှေ့စက်များအတွက် လိုအပ်သောစက်သုံးဆီရရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူကြီးများအနေဖြင့် အမှန်တကယ်လိုအပ်သော အနည်းဆုံးကုန်ကျမည့်ဒီဇယ်ဆီပမာဏကိုတွက်ချက်ပြီး နီးစပ်ရာဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဆန်စက်အသင်းများသို့ စာရင်းပေးပို့ပြီး အကူအညီရယူနိုင်ကြောင်း သိရသည်။

ထို့ပြင် မြို့နယ်အလိုက် ဆန်စက်စာရင်းနှင့် နွေစပါးစိုက်တောင်သူများ၏ စပါးစိုက်ဧကကို စာရင်းပြုစု၍ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းသို့ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**ဖြူဖြူ**

# မြစ်သားမြို့နယ် ရွှေကြာအင်းကျေးရွာ၌ ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မြစ်သား မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ရွှေကြာအင်းကျေးရွာ၌ ဒေသခံတောင်သူများ စီးပွားဖြစ်စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



မြစ်သားမြို့နယ်ရှိ ဒေသခံတောင်သူများသည် ပဲတီစိမ်းကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို မတ်လနှင့်ဧပြီလတို့တွင် အများဆုံးစိုက်ပျိုးကြပြီး အထွက်နှုန်းကောင်းမွန်စေရန် မိရိုးဖလာကြဲပက်စနစ်အပြင် သိပ္ပံနည်းကျစိုက်ပျိုးနည်းဖြစ်သော ပေါင်ကြီးတင်စနစ်ဖြင့်လည်း စိုက်ပျိုးကြသည်။ ကြဲပက်စနစ်ဖြင့်စိုက်ပျိုးမည်ဆိုပါက လယ်မြေတစ်ဧကလျှင် ပဲတီစိမ်းမျိုးစေ့လေးပြည်ခန့်အသုံးပြုစိုက်ပျိုးရပြီး ပေါင်ကြီးတင်စနစ်ဖြင့်စိုက်ပျိုးပါက ပဲတီစိမ်းမျိုးစေ့နှစ်ပြည်ခန့်အသုံးပြုစိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့ဖိုး၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ မြေဩဇာဖိုး၊ ဖျန်းဆေးဖိုးများနှင့် ခူးဆွတ်ခများ ကုန်ကျမှုရှိကြောင်း သိရသည်။

ပဲတီစိမ်းစိုက်ပျိုးရာတွင် အပင်ပြုစုမှုနှင့် ရာသီဥတုကောင်းမွန်ပါက တစ်ဧကလျှင် ၁၀ တင်းမှ ၁၇ တင်းခန့်အထိ ထွက်ရှိကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ အထွက်နှုန်းနှင့်ဈေးနှုန်းကောင်းမွန်ပါက တောင်သူများအတွက် အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းဆောင်ရွက်

## ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ဆန်စက်များနှင့် စက်ရုံ၊ အလုပ်ရုံများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် မတ်လ ၂၈ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးနိုင်လင်းနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဆန်စက်များ၊ စက်ရုံ၊ အလုပ်ရုံများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်လုပ်ငန်းများ၊ လျှပ်စစ်ဝိုင်ယာကြိုးများသွယ်တန်းထားသည့် မီးကြိုးများကြံ့ခိုင်မှုစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများစစ်ဆေးခြင်းနှင့် ရေသိုလှောင်ထားရှိသည့်ကန်များ စစ်ဆေးခြင်းတို့ဆောင်ရွက်ကြသည်။

ထို့ပြင် မီးလောင်မှု/ မီးလန့်မှုများဖြစ်ပေါ်ပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့အကူအညီတောင်းခံကြရန်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်များ လျှောက်ထားရယူသွားရန် စသည့် မီးဘေးလုံခြုံရေးဆိုင်ရာသတိပြုလိုက်နာရမည့်အချက်များအား အသိပညာပေးပြောကြားကြကြောင်းသိရသည်။

**လှိုင်မင်းအောင်**



## မင်းဘူး



မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းများကို မတ်လ ၂၈ ရက်နံနက်ပိုင်းတွင် သွားရောက်ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးထွန်းထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကိုကိုဝေဟိန်းတို့ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ဓာတ်အားပေးစက်ရုံ(တာဘိုင်)၊ ရေသန့်စက်ရုံ၊ ကွန်ကရစ်ကျောက်တိုင်ထုတ်လုပ်ရေးစက်ရုံ၊ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံနှင့် ရေနံဓာတ်ငွေ့ရည်ဆိုင်တို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အသိပညာပေးဆောင်ရွက်ခြင်းနှင့် မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အရန်သင့်ကြိုတင်ပြင်ဆင်ထားရှိရေးစစ်ဆေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

## ညောင်ဦး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက်မတ်လ ၂၈ရက်တွင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်ပြီး အသိပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်မင်းသူ၏ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံကာ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုအသိပညာပေးဆွေးနွေးဟောပြောပြီး ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများတွင် မီးသတ်ဆေးဘူးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ၊ အရေးပေါ်မီးငြိမ်းသတ်ရေးအတွက် ရေသိုလှောင်ထားမှုများနှင့် လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြုံတွေ့လာပါက စနစ်တကျမီးငြိမ်းသတ်နိုင်ရန် မီးငြိမ်းသတ်ပစ္စည်းများအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းစနစ်များကိုဇာတ်တိုက်လေ့ကျင့်သရုပ်ပြသကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကိုအသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကိုဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင်အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန်မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့်အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသောပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့်အမွှေးတိုင် အစရှိသောပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့်လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများမပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများမပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟုသေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသောအဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲ အစရှိသောမီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည်အရွယ်ရောက်ပြီး လူငယ်တစ်ဦးသယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည် အထိပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူသယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ဆေးဝါးကဲ့သို့အသုံးပြုနိုင်သောအစားအစာများ

ဒေါက်တာလွင်သန့်

အစားအစာများသည် ဗိုက်ပြည့်ရုံအတွက်သာမက စွမ်းအင်ရရှိရန် များစွာအကျိုးရှိသည်။ အစားအစာတိုင်းသည် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးနှင့် ဦးနှောက်အတွက် တစ်မျိုးစီအကျိုးသက်ရောက်မှုရှိကြသည်။ အပင်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်ထုတ်ကုန်အများစုသည် ဦးနှောက်အပေါ် အကျိုးသက်ရောက်မှုရှိရန် အစားအစာတစ်မျိုးတည်းတွင် လုံလောက်သောဓာတုပစ္စည်းများ မပါဝင်သော်လည်း အဆိုပါအစားအစာတွင်ပါဝင်သည့်ပစ္စည်းများက ဦးနှောက်၏လုပ်ငန်းဆောင်တာများကို ပြောင်းလဲပစ်နိုင်သည်။ အဆိုပါအစားအစာများသည် ဆေးဝါးကဲ့သို့အသုံးပြုနိုင်သော အစားအစာများဖြစ်သည်။

**ချောကလက်**

ချောကလက်တွင် စွမ်းအင်မြှင့်တင်ပေးနိုင်သော ကဖင်း၊ စိတ်အာရုံပြောင်းနိုင်သော ဓာတုပစ္စည်းအမျိုးပေါင်း ၃၅၀ ကျော်ပါဝင်သည်။ ထို့ကြောင့် ချောကလက်တစ်ခုတွင်ပါဝင်သော ဓာတုပစ္စည်းများပေါင်းစပ်မိလျှင် အလွန်အစွမ်းထက်မည်ဖြစ်သည်။ ချောကလက်စားသုံးခြင်းဖြင့် သွေးဖိအားနှင့် သွေးတွင်းသကြားဓာတ်များ မြင့်တက်လာနိုင်ပြီး တက်ကြွမှုရှိသော စိတ်ခံစားမှုကိုရရှိစေသည်။ ချောကလက်တွင်ပါဝင်သော သီအိုဘရိုမင်းက စိတ်ကျရောဂါပျောက်ကင်းစေရန် လုပ်ဆောင်ပေးနိုင်သည်။

အညိုရောင်ချောကလက်အတုံးသေးတစ်တုံးတွင် စွမ်းအင်ထုတ်လုပ်ပေးနိုင်သည့် ကဖင်းဓာတ် ၂၀ ဂရမ်ပါဝင်သည့်အပြင် စိတ်ခံစားမှုကို ထိန်းချုပ်ခြင်း၊ အစာစားချင်စိတ်နှင့် နာကျင်မှုဝေဒနာသက်သာစေနိုင်သည့် ဓာတုပစ္စည်းလည်း ပါဝင်သည်။

**သကြား**

လူတို့သည် စွမ်းအင်ရရှိရန် ဂလူးကို့စ်လိုအပ်သည်။ နံနက်အိပ်ရာထခါစတွင် အစာကြေလွယ်သော သကြားကဲ့သို့အစာကိုစားပါက ခန္ဓာကိုယ်တွင်း ဒိုပါမင်းနှင့် စိတ်ငြိမ်နိုင်သည့်ဟော်မုန်းများထွက်ရှိပြီး ဦးနှောက်မှ စိတ်အာရုံခံစားမှုကောင်းစေသောရလဒ်များ ရရှိနိုင်သည်ဟု ကျွမ်းကျင်သူများကပြောသည်။ သကြားသည် မိမိအတွက် ဦးနှောက်မှလိုအပ်သည့် နိုးကြားမှုနှင့် မှတ်ဉာဏ်စုဆောင်းမှုနှစ်မျိုးအတွက် အသုံးဝင်သည်ဟု ဆိုနိုင်သည်။

လူသားတို့အသက်ကြီးလာသော် ကျဆင်းနိုင်သည့်မှတ်ဉာဏ်နှင့် သင်ယူမှုများ သို့မဟုတ် ဆီးချိုဖြစ်ခြင်းနှင့် သူငယ်ပြန်ခြင်းဖြစ်လာသော် ဦးနှောက်၏လုပ်ငန်းဆောင်တာများအတွက် ဂလူးကို့စ်ကို အသုံးပြုနိုင်စွမ်း လျော့နည်းသွားတတ်သည်။ လေ့လာမှုတစ်ခုတွင် သူငယ်ပြန်သည့်လူနာများအား သကြား ၅၀၀ ဂရမ်ပါဝင်သော ဖျော်ရည်တိုက်ကြည့်ရာ ဖျော်ရည်တိုက်ပြီး နှစ်နာရီအတွင်း မှတ်ဉာဏ်များ သိသိသာသာတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိခဲ့ကြသည်။ သကြားကို ပမာဏများစွာသုံးစွဲခြင်းက ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ သကြားဓာတ်ပမာဏအနည်းငယ်ကို ကာဗိုဟိုက်ဒြိတ်မှတစ်ဆင့် ရရှိနိုင်သဖြင့် တစ်ခါတစ်ရံ အချိုတည်းသည့်အနေဖြင့် သုံးရုံဆိုလျှင် လုံလောက်သည်။

> **"နွားနို့ပူပူနှင့်ဆေးကို တွဲ၍မသောက်သင့်ပါ။ နွားနို့တွင် ကယ်လ်စီယမ်ပါဝင်သောကြောင့် အရိုးများကြံ့ခိုင်စေသည်ဆိုသော်လည်း ပဋိဇီဝဆေးနှင့် တွဲ၍မသောက်သင့်ပါ။ ဆေးစုပ်ယူနိုင်စွမ်းအပေါ် အဟန့်အတားဖြစ်စေနိုင်သည်။ အကယ်၍ နို့နှင့်နို့ထွက်ပစ္စည်းများ စားသုံးထားသည်ဆိုလျှင် အနည်းဆုံး သုံးနာရီခြားပြီးမှသာ ဆေးသောက်သင့်သည် . . ."**

**နနွင်း**

နနွင်းကို အိန္ဒိယနိုင်ငံ၌ တိုင်းရင်းဆေးအဖြစ် အသုံးပြုသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ နနွင်းကို လိပ်ခေါင်းရောဂါမှစ၍ သွေးလွှတ်ကြောမာကြောသည့်ရောဂါအထိ ရောဂါမျိုးစုံအတွက် အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် သုတေသီများက နနွင်းကို လေ့လာမှုများပြုလုပ်ခဲ့ရာ အိန္ဒိယနိုင်ငံနှင့် နနွင်းအသုံးပြုသောနိုင်ငံများ၌ အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနည်းပါးသည်ကိုတွေ့ရသည်။

လေ့လာမှုတစ်ခုတွင် အယ်ဇိုင်းမားရောဂါရှိသူများက နနွင်းတွင်ပါဝင်သည့် ကာကူမင်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကို မှီဝဲပြီးနောက်ပိုင်း သိသိသာသာတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရသည်။ နနွင်းသည် ရောင်ရမ်းမှုကိုလျော့ကျစေသည့် ဂုဏ်သတ္တိလည်းရှိသည်။ အယ်ဇိုင်းမားရောဂါဖြစ်စေသော ဦးနှောက်တွင် အမိုင်းရွိုက်ပရိုတင်းစုဆောင်းမှုကိုလည်း လျှော့ချပေးနိုင်သည်။

**ငှက်ပျောသီး**

ငှက်ပျောသီးတွင် ပိုတက်ဆီယမ်ကြွယ်ဝစွာပါဝင်သောကြောင့် ပဋိဇီဝဆေးများနှင့်တွဲ၍မစားသင့်ပါ။ ခန္ဓာကိုယ်တွင် ပိုတက်ဆီယမ်ပမာဏအလွန်များပြားသောအခါ နှလုံးခုန်မမှန်ခြင်းကြောင့် ရင်တုန်ခြင်းခံစားရနိုင်သည်။ အထူးသဖြင့် သွေးတိုးရောဂါကြောင့် သောက်သုံးရသည့်ဆေးဝါးများကို ငှက်ပျောသီးနှင့်တွဲဖက်စားသုံးခြင်းမျိုး မပြုလုပ်သင့်ပါ။

**အချဉ်ဓာတ်ရှိသောအစားအစာများ**

သံပရာသီး၊ သံပရိုသီး၊ လိမ္မော်သီး၊ ဂရိတ်ဖရုသီးကဲ့သို့ အချဉ်ဓာတ်ရှိသောအသီးများ၊ အချဉ်ဓာတ်ထည့်သွင်းထုတ်လုပ်ထားသည့် သောက်စရာများ၊ ခရမ်းချဉ်သီးဆော့စ်ကဲ့သို့ အချဉ်ဓာတ်ပါဝင်သောအစားအစာများကို ဆေးဝါးနှင့်တွဲဖက်၍မစားသင့်ပါ။

**နွားနို့နှင့်နို့ထွက်ပစ္စည်း(ဒိန်ချဉ်မှလွဲ၍)**

နွားနို့ပူပူနှင့်ဆေးကို တွဲ၍မသောက်သင့်ပါ။ နွားနို့တွင် ကယ်လ်စီယမ်ပါဝင်သောကြောင့် အရိုးများကြံ့ခိုင်စေသည်ဆိုသော်လည်း ပဋိဇီဝဆေးနှင့် တွဲ၍မသောက်သင့်ပါ။ ဆေးစုပ်ယူနိုင်စွမ်းအပေါ် အဟန့်အတားဖြစ်စေနိုင်သည်။ အကယ်၍ နို့နှင့်နို့ထွက်ပစ္စည်းများ စားသုံးထားသည်ဆိုလျှင် အနည်းဆုံး သုံးနာရီခြားပြီးမှသာ ဆေးသောက်သင့်သည်။

ဒိန်ချဉ်က ခန္ဓာကိုယ်အတွက် အကျိုးပြုဗက်တီးရီးယားများ ပေါက်ပွားနိုင်ရန် လုပ်ဆောင်ပေးသောကြောင့် ထိခိုက်ဒဏ်ရာများကို မြန်မြန်အနာကျက်စေနိုင်သကဲ့သို့ ကိုယ်ခံအားကောင်းမွန်စေသည်။ ဒိန်ချဉ်က ပရိုဘိုင်အိုတစ်အကျိုးပြုဗက်တီးရီးယားဖြစ်ပြီး ပဋိဇီဝဆေး၏ ဘေးထွက်ဆိုးကျိုးဖြစ်သော ဝမ်းသွားခြင်းကိုသက်သာစေသည်။

**အမျှင်ဓာတ်များသောအစားအစာ**

နေမကောင်းသည့်အခါ အမျှင်ဓာတ်များသောအစားအစာများ မစားသင့်ပါ။ အမျှင်ဓာတ်က ခန္ဓာကိုယ်အတွက်လိုအပ်သကဲ့သို့ ကိုယ်အလေးချိန်ကိုကျဆင်းစေသော်လည်း နေမကောင်း၍ ဆေးများသောက်နေချိန်တွင် စားသုံးမည်ဆိုပါက ဆေးအာနိသင်ကို လျော့ပါးစေနိုင်သည်။

**ကဖင်းဓာတ်ပါသောအစားအစာ**

ကဖင်းဓာတ်ပါသောသောက်စရာများနှင့် ဆေးများကို တွဲဖက်သောက်မည်ဆိုလျှင် ဆေး၏အာနိသင်ကို ပျက်ပြယ်စေနိုင်သည်။ ထို့ကြောင့် နေမကောင်းသည့်အခါ ကော်ဖီ၊ လက်ဖက်ရည်၊ ရေနွေးကြမ်းကဲ့သို့ ကဖင်းဓာတ်ပါသောသောက်စရာများနှင့် ဆေးကို တွဲဖက်မသောက်သင့်ပါ။

ပန်းနာ၊ ရင်ကျပ်ဝေဒနာရှင်များ ကော်ဖီသောက်ခြင်းကို ရှောင်ကြဉ်သင့်သည်။ ကော်ဖီတွင်ပါဝင်သော ကဖင်းဓာတ်က အာရုံကြောများအပေါ် သက်ရောက်မှုရှိသကဲ့သို့ ရင်တုန်ခြင်းနှင့် စိတ်အလွန်လှုပ်ရှားခြင်းမျိုး ဖြစ်စေနိုင်သည်။

နေမကောင်းဖြစ်သည့်အခါ မြန်မြန်သက်သာလိုပါက အဆိုပါအစားအစာများကိုရှောင်ကြဉ်ပြီး ဆေးကို အချိန်နှင့်စနစ်တကျပြည့်ပြည့်ဝဝသောက်သုံးသင့်သည်။ အစားအစာကို ဂရုစိုက်ခြင်းကလည်း မြန်မြန်နေကောင်းစေရန် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

## ပွင့်ဖြူမြို့နယ်၌ နှမ်းသီးနှံများ အဆင်ပြေစွာစိုက်ပျိုးနိုင်ရန် သီးနှံပေါ်ပေးစနစ်ဖြင့် နှမ်းမျိုးစေ့များဖြန့်ဖြူးရောင်းချ

ပွင့်ဖြူ မတ် ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)မှ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်း နွေသီးနှံများ အဆင်ပြေစွာစိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းသီးနှံများတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်စေရန်ရည်ရွယ်၍ အသင်းဝင်တောင်သူများကို သီးနှံပေါ်ပေးစနစ်ဖြင့် နှမ်းမျိုးစေ့များ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ သီးနှံပေါ်ပေးစနစ်ဖြင့် နှမ်းမျိုးစေ့များရောင်းချပေးရာတွင် ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)က GGG ကုမ္ပဏီနှင့်ချိတ်ဆက်၍ ယင်းကုမ္ပဏီမှထုတ်လုပ်သော ဆင်းရတနာ- ၁၄ နှင့် နှမ်းဖြူမျိုးသန့် မျိုးစေ့အိတ် ၁၃၀၀ မှာယူပြီး စိုက်ပျိုးလိုသော အသင်းဝင်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်းအနေဖြင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် အရည်အသွေးကောင်း တန်ဖိုးမြှင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရန် စိုက်ပျိုးရေးဆိုင်ရာ ရည်မှန်းချက်လုပ်ငန်းစဉ်(၇)ရပ်ကိုချမှတ်၍ တောင်သူအကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူအကျိုးဆောင်အသင်းဝင်ကျေးရွာများမှ အသင်းဝင်တောင်သူများ ရာသီအလိုက် သီးနှံများ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်ကာ စိုက်ပျိုးရေးလုပ်ငန်းအတွက်လိုအပ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် စိုက်ပျိုးရေးသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း၊ သီးနှံပေါ်ချိန်တွင် သင့်တင့်မျှတသောဈေးနှုန်းများ ရရှိစေရန် တောင်သူစုပေါင်းသီးနှံရောင်းချပွဲများ ပြုလုပ်ပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## အင်းစိန်မြို့နယ်၌ ဇဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်(CEIR)အကြောင်း အသိပညာပေးဆွေးနွေး

ရန်ကုန် မတ် ၂၉

မိုဘိုင်းဖုန်းသုံးစွဲသူပြည်သူများ စံချိန်စံညွှန်းနှင့်ကိုက်ညီစစ်မှန်ပြီး နိုင်ငံတော်သို့ ကျသင့်အခွန်များပေးဆောင်ထားသည့် မိုဘိုင်းဖုန်းများကို ပြည်တွင်း၌ စိတ်ချယုံကြည်စွာအသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register–CEIR ) အကြောင်း အသိပညာပေးဆွေးနွေးပွဲကို မတ်လ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် အင်းစိန်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဝင် ဗိုလ်မှူးသုခလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဟိန်းတို့က အဖွင့်အမှာစကားများပြောကြားကြပြီး မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိဖြူက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ၏အကျိုးကျေးဇူးများ၊ CEIR စနစ်ဖြင့် ဆောင်ရွက်နိုင်သည့်အချက်များနှင့် လုပ်ငန်းစဉ်များ၊ IMEI နံပါတ်၏အဓိပ္ပာယ်၊ အခွန်ပေးဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးပုံနည်းလမ်း၊ ကောက်ခံလျက်ရှိသည့်အခွန်အမျိုးအစားများ၊ ပြည်ပမှတင်သွင်းလာသော မိုဘိုင်းဖုန်းများ၏တန်ဖိုးကို အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခြင်း၊ CEIR စနစ်ဖြင့် အခွန်ပေးဆောင်ခြင်းနှင့် အခွန်ပေးသွင်းနိုင်သည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အခွန်ထမ်းပြည်သူ ၆၀ ဦး တက်ရောက်ကြပြီး တက်ရောက်လာသည့် မိုဘိုင်းဖုန်းဆိုင်များမှ တာဝန်ရှိသူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်ဦးစီးမှူးက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

# ဘိုကလေးမြို့နယ်၌ ဒသမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကျင်းပ



ဘိုကလေး မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများက ၎င်းတို့အားပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဒသမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲအခမ်းအနားကို မတ်လ ၂၈ ရက် ညနေပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အာစရိယပူဇော်ပွဲကြီးကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ကျောင်းသားဟောင်း ဦးတင်ထွဋ်ကပြောကြားပြီး အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား တပည့်များက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ပြီး ဂါရဝပြုလက်ဆောင်များပေးအပ်သည်။

ထို့နောက် ဆရာကြီးဦးခင်စိုး၊ ဆရာမကြီးဒေါ်ဝင်းတို့က တပည့်များအား ဆုံးမစကားမြွက်ကြားပြီးတက်ရောက်လာကြသောအငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို ကျင်းပကြသည်။ ယခုနှစ်တွင် ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၁၄၆ ဦးတို့အား ပူဇော်ကန်တော့ကြကြောင်း သိရသည်။

ဝေဝေမြင့်(ပြန်/ဆက်)

# ကျေးလက်ကုန်ထုတ်လမ်း/တံတားဖောက်လုပ်မှုရာနှုန်းပြည့်ပြီးစီး



မြစ်ကြီးနား မတ် ၂၉

ကချင်ပြည်နယ်မြစ်ကြီးနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် နောင်နန်းကျေးရွာရှိတောင်သူများ၏ လယ်ယာကေများမှထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း/တံတားဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေများကို မတ်လ ၂၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြစ်ကြီးနားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးသန်းထွန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် နောင်နန်းကျေးရွာ၊ ရော်ဇနာကွင်းသွားလမ်း အရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း အပိုင်း(၁) ကွန်ကရစ်ပေါင်ခတ် သဲကျောက်ခင်းခြင်းနှင့် ၎င်းလမ်းပေါ်ရှိ Box Culvert ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကုန်ထုတ်လမ်း/တံတားများအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများကို၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုပိုလျှံခွင့်ပြုရန်ပုံငွေကျပ် ၃၂၈ ဒသမ ၈၄၉ သန်းကိုအသုံးပြု၍ ဒီဇင်ဘာလ ပထမပတ်မှစတင်၍ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

# မင်းလှမြို့နယ်၌ အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်းစပါးမျိုးများစိုက်ပျိုးထားရှိ



မင်းလှ မတ် ၂၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာတွင် အရည်အသွေးမြင့် ပေါ်ဆန်းမွှေးစပါးမျိုးများ လုံလောက်စွာရရှိစေရန် ရည်ရွယ်၍ မျိုးစေ့ထုတ် အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်းစပါးမျိုးများ စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းလှမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဝက်လှကြီးအုပ်စု ဝက်လှကြီးကျေးရွာ၌ အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်း(၁)၁၅ ဧကနှင့်ရေဆင်းပေါ်ဆန်း (၂) ၂၅ ဧကတို့အား မျိုးစေ့ထုတ်လုပ်ရန်စိုက်ပျိုးထားရှိပြီး အရည်အသွေးပြည့်မီကျော်လွန်ထွက်ရှိနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါမျိုးစေ့ထုတ်စိုက်ခင်းများမှရရှိသော ရေဆင်းပေါ်ဆန်းစပါးမျိုးများအား လာမည့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီတွင် တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံစိုက်ပျိုးရေးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက အသိပညာပေးဟောပြောခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

# ပြောင်းလဲနေသော တို့တောရွာ

✤ တမာပင် ယာခင်တန်းနှင့်
ရွာဝင်လမ်း ထန်းတောညို။
လှည်းလမ်းအို ကုက္ကိုထနောင်းနှင့်
ဖုန်ထောင်းထသကို။
အတိတ်က နေအညို
ထဘီတိုနှင့် ပျိုမေတစ်သင်း။
လျောင်ပြောင်စေ ရေခပ်ဆင်းနှင့်
(ကာလသားတွေက)
ဝိုင်းဖွဲ့ခတ်ခြင်း။

✤ နွားကျောင်းအပြန် ခြံကိုသွင်းလို့
လှည်းမောင်းရင်း ယာခင်းပြန်။
နှင်တံကို မှန်မှန်ပုတ်လို့
နွားသုတ်သုတ်မြန်။
ဖုန်ပေတူးနှင့် ချွေးလူးကျဲ
သန့်ရှင်းရန်ကွဲ့ ကန်ရေချိုး။
တဲအကုပ်ငယ်နှင့်
ပဲရေတ်ရယ် ချဉ်ပေါင်ချက်တယ်
မီးခွက် မှိန်ညှိုး။

✤ မြို့မှာနေ အခြေပျိုးလို့
ဆောင်းနွေမိုး တိုးနှစ်ကြာ။
ဇာတိရွာ အညာတစ်ခေါက်သို့
ပြန်ရောက်တဲ့အခါ။
မျိုးဆက်တို့ တိုးတက်စွာ
ကွန်ကရစ်ဖြာ လမ်းမှာခင်း။
ဓာတ်မီးတိုင် မြိုင်ဆိုင်ခြင်းနှင့်
ရေမီးထိန်လင်း။

✤ စက်မှုတွေ အခြေခံခြင်းနှင့်
လူအရင်းအမြစ် ဖွံ့သစ်လာ။
သာသနာ ရောင်ဖြာဝင်းလို့
ရိုင်းပင်းညီညာ။
အထက်တန်းမြင့် အဆင့်ကောင်းစွာ
သခင်လောင်းလျာတို့ ပညာရေး။
ပမာထုံးလာ
နာသုံးနာ ဆရာအကောင်းတွေနှင့်
သဒ္ဒါနှလုံးမှာ ပညာပေါင်းလို့ရယ်
ပြောင်းလဲရွာလေး။ ။

ကိုမောင်လှသိန်း(ညှိုမြတို့ရွာ)

## ရွှေကျောင်မြို့၌ ၂၀၂၆ ခုနှစ် နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲကျင်းပ



ရွှေကျောင် မတ် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျောင်မြို့နယ် ပျဉ်းမပင်ရပ်ကွက် လေးထပ်ဘုန်းတော်ကြီးကျောင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သာသနာတော်သန့်ရှင်းရေး တည်တံ့ပြန့်ပွားရေး၏ အခြေခံမူရင်းဖြစ်သော ပရိယတ္တိသာသနာတော်ထွန်းကားပြန့်ပွားစေရန် ပါဠိပထမပြန်( ကြီး၊ လတ်၊ ငယ်၊ မူ) တန်းစာမေးပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ရွှေကျောင်မြို့နယ်တွင် ယနေ့နေ့လယ်ပိုင်းတွင် စတင်၍ ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း ခုနစ်ပါး၊ ပထမလတ်တန်း ၁၅ ပါး၊ ပထမငယ်တန်း ၂၉ ပါး၊ အခြေပြုမူလတန်း ၂၉ ပါး၊ စုစုပေါင်း ၈၀ ပါး ဖြေဆိုလျက်ရှိသည်။ စာဖြေသံဃာတော်များအားရွှေကျောင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ရပ်မိရပ်ဖများက လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမနေ့ဖြေဆို

ပွင့်ဖြူ မတ် ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့်၂၀၂၆ ခုနှစ်အစိုးရပါဠိပထမပြန်စာမေးပွဲပထမနေ့ကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ အောင်သိဒ္ဓိကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အစိုးရ ပါဠိပထမပြန်စာမေးပွဲကို မြို့နယ်အတွင်း စာသင်တိုက်ကျောင်းများမှ ဖြေဆိုရန်လျှောက်ထားသည့် စာဖြေသံဃာဦးရေမှာ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၃ ပါးရှိပြီး ယနေ့ ပထမနေ့ ဖြေဆိုရာတွင် ပထမကြီးတန်းတွင် ရဟန်းခြောက်ပါးနှင့် သီလရှင်တစ်ပါး၊ ပထမလတ်တန်းတွင် ရဟန်းသုံးပါးနှင့် သီလရှင်တစ်ပါး၊ ပထမငယ်တန်းတွင် ရဟန်းတစ်ပါးနှင့် သီလရှင်လေးပါး၊ အခြေပြုမူလတန်းတွင် သာမဏေ လေးပါးနှင့် သီလရှင်တစ်ပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ပြီး ဖြေဆိုရန်ပျက်ကွက်စာရင်းအနေဖြင့် ပထမလတ်တန်းတွင် ရဟန်း တစ်ပါး၊ ပထမငယ်တန်းတွင် ရဟန်း တစ်ပါးတို့ဖြေဆိုရန် ပျက်ကွက်ခဲ့ကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ခုနစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း၊ စာဖြေသံဃာများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုစိတ္တသာရ(မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဆရာတော်ကြီးများက ကြီးကြပ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ယာယီဆေးခန်းဖွင့်လှစ်၍ စီစဉ်ဆောင်ရွက်ထားရှိကြောင်းနှင့် စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များကို ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက နေ့ဆွမ်း၊ အရုဏ်ဆွမ်းနှင့် သစ်သီး၊ မုန့်၊ အချိုပွဲများကို နေ့အလိုက် ဆက်ကပ်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## လှိုင်းဘွဲ့မြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကျင်းပ

လှိုင်းဘွဲ့ မတ် ၂၉

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် လှိုင်းဘွဲ့မြို့မ ပရိယတ္တိစာသင်တိုက်နှင့်မဟာသုမေဓါရာမတောရကျောင်းတိုက်တို့၌ ကျင်းပသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို စာမေးပွဲကြီးကြပ်ရေး ဆရာတော်/သံဃာတော်များနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာနနှင့်တာဝန်ရှိသူတို့က ကြီးကြပ်ဆောင်ရွက်ကာ အစိုးရပါဠိပထမပြန်စာမေးပွဲကို ပထမကြီးတန်းတွင် စာဖြေသံဃာကိုးပါး၊ ပထမလတ်တန်းတွင် ၁၃ ပါး၊ ပထမငယ်တန်းတွင် ၂၃ ပါး၊ အခြေပြုမူလတန်းတွင် ၈၃ ပါး စုစုပေါင်း စာဖြေသံဃာ ၁၂၈ ပါးဖြင့် ဝင်ရောက်ဖြေဆိုခဲ့ကြပြီး လှိုင်းဘွဲ့မြို့နယ်တွင် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောဒီ(ပြန်/ဆက်)**



## ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆို



ကျောက်ပန်းတောင်း မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ဘူတာရပ်ကွက်ရှိ မြို့နယ်လုံးဆိုင်ရာဓမ္မဗိမာန်တော်ကြီး၏ အပေါ်ထပ်နှင့် အောက်ထပ်တို့တွင် ဖြေဆိုလျက်ရှိကြရာ မြို့နယ်သံဃနာယကအဖွဲ့ အတွင်းရေးမှူးဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များက အနီးကပ်ကြီးကြပ်ပြီး မြို့နယ်သာသနာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စာမေးပွဲဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့များက စာဖြေသံဃာများ၊ သီလရှင်ဆရာလေးများ အဆင်ပြေအေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အကြီးတန်းနှင့် ပထမလတ်တန်းတို့က ဒွေမာတိကာ/ဓမ္မပဒကျမ်းကိုဖြေဆိုတော်မူကြပြီး၊ အကြီးတန်းတွင် စာရင်းရှိ ရဟန်း ၂၄ ပါး၊ သာမဏေ ၁၃ ပါးနှင့် သီလရှင် သုံးပါး စုစုပေါင်း ၄၀ ပါး အနက်၊ ရဟန်း ၂၂ ပါး၊ သာမဏေ ၁၂ ပါး၊ သီလရှင်သုံးပါး စုစုပေါင်း ၃၇ ပါး ဝင်ရောက်ဖြေဆိုတော်မူကြပြီး ပထမလတ်တန်းတွင် ရဟန်း ၂၄ ပါး၊ သာမဏေ ၆၉ ပါး၊ သီလရှင်သုံးပါး စုစုပေါင်း ၉၆ ပါး စာရင်းသွင်းထားသည့်အနက်၊ ရဟန်း ၂၀ ပါး၊ သာမဏေ ၆၆ ပါး၊ သီလရှင်နှစ်ပါး စုစုပေါင်း ၈၈ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။ ပထမငယ်တန်းတွင် ဘိက္ခုပါတိမောက်/ဓမ္မပဒကျမ်းကို ရဟန်း ၁၂ ပါး၊ သာမဏေ ၁၂၀ ပါး၊ သီလရှင်သုံးပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးစုစုပေါင်း ၁၃၆ ပါး/ဦး စာရင်းရှိသည့်အနက် ရဟန်း ၁၂ ပါး၊ သာမဏေ၁၀၃ ပါး၊သီလရှင်သုံးပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၁၁၉ ပါး/ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အခြေပြု မူလတန်းဝိနည်းကျင့်ဝတ်/သုကုမာရမဂ္ဂဒီပနီကျမ်းကို ရဟန်း ၁၀ ပါး၊ သာမဏေ ၁၆၃ ပါး၊ သီလရှင်လေးပါး စာရင်းရှိသည့်အနက် ရဟန်းရှစ်ပါး၊ သာမဏေ ၁၂၆ ပါး၊ သီလရှင်သုံးပါး စုစုပေါင်း ၁၃၇ ပါး ဝင်ရောက်ဖြေဆိုတော်မူကြရာ စာဖြေသံဃာနှင့် သီလရှင် စုစုပေါင်း ၃၈၀ ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

## တန့်ယန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမနေ့စတင်ဖြေဆို

တန့်ယန်း မတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကို ပါဠိပထမပြန်စာမေးပွဲ ကျင်းပရေးဦးစီးကော်မတီမှ ကြီးကြပ်၍ ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စတင်ကျင်းပသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမနေ့တွင် ဝိနည်းကျင့်ဝတ်၊ သုကုမာရမဂ္ဂဒီပနီ၊ ဘိက္ခုပါတိမောက်ဘာသာ၊ ဒွေမာတိကာဘာသာတို့အား မြို့နယ်ရှိ ကျောင်းတိုက်အသီးသီးတို့မှ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းများမှ ရဟန်းငါးပါး၊ သာမဏေ ၁၈ ပါး၊ သီလရှင် ၄၇ပါး စုစုပေါင်း ၇၀ ပါးတို့ ဝင်ရောက်ဖြေဆိုကြရာ အစိုးရပါဠိပထမပြန်စာမေးပွဲကျင်းပရေး ဦးစီးကော်မတီမှ ဆရာတော်ကြီးများ၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**



# အစိုးရမဲ့မှာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကျင်းပ

နေပြည်တော် မတ် ၂၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရမဲ့မှာစရိယစာမေးပွဲ သတ္တမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတွင်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကို စာဖြေဌာန ၂၀၄ ဌာနတွင်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရမဲ့မှာစရိယစာမေးပွဲသတ္တမနေ့ကို စာဖြေစာရင်းသွင်း ၁၆၁၇ ပါး/ဦးအနက် ၉၆၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၆၂ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း)ပထမနေ့ကို စာရင်းသွင်း ၆၁၇၀၃ ပါး/ဦးအနက် ၅၁၇၁၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၈၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ



(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ မတ်လ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး (ငြိမ်း) သူရဦးမြင့်မောင်နှင့်ဇနီး ဒေါ်အေးအေးထွန်း မိသားစုက ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။

မြဝတီ

# ၂၀၂၆ ခုနှစ် မတ်လ ၂၈ ရက်တွင် ရန်ကုန်မြို့၏ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄)နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့်ဝန်းကျင် လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ရမည်းသင်းခရိုင်၌ စုပေါင်းသွေးလှူဒါန်း



ရမည်းသင်း မတ် ၂၉

ရမည်းသင်းမြို့ ရွှေစည်းခုံရပ်ကွက် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်မှုဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးရဲမြတ်သူ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထက်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းဟန်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းတို့က ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ခုနစ်ဦး၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း ငါးဦး၊ ခရိုင်/ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်လေးဦး စုစုပေါင်း ဝန်ထမ်း ၂၂ ဦးတို့အား သွားရောက်ကြည့်ရှုအားပေးကာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ကြက်ဥများပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ဆန်းဦး**

○ **ကျောဖုံးမှအဆက်**

ထို့နောက် ပြိုင်ပွဲဝင်စက်ဘီးသမားများသည် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ကန်ရိပ်သာလမ်းမှ ဦးထောင်ဘိုအဝိုင်း၊ ၎င်းမှဦးထောင်ဘိုလမ်းအတိုင်း ဦးဝိစာရအဝိုင်းအထိ၊ ၎င်းမှ ဦးဝိစာရလမ်းအတိုင်း ဟံသာဝတီအဝိုင်းအထိ၊ ၎င်းမှပြည်လမ်းအတိုင်း ထောက်ကြန့်လမ်းဆုံ၊ ၎င်းမှလှော်ကားဥယျာဉ်သို့ တပျော်တပါးစီးနင်းကြပြီး လှော်ကားသဘာဝဥယျာဉ် ပန်းဝင်သည့်နေရာတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ စက်ဘီးဝါသနာရှင်များနှင့် ပြည်သူများက ကြည့်ရှုအားပေးကြိုဆိုကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက စက်ဘီးစီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ အသက်အကြီးဆုံး အားကစားသမားများနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ကြသည်။ ထို့အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပန်းဝင်သူအားလုံးကိုလည်း ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အားပေးစကား ပြောကြားသည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ လှော်ကားသဘာဝဥယျာဉ်သို့ Mountain Bike(MTB) အမျိုးသား/အမျိုးသမီး (လူသစ်တန်း) စက်ဘီးစီးပြိုင်ပွဲတွင် စက်ဘီးအားကစားသမား အမျိုးသား ၄၂၈ ဦးနှင့် အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၄၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

# ၂၉-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏**ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့်မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

## သဲကုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆို



သဲကုန်း မတ် ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ကျင်းပဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့်၁၂ နာရီတွင်ရပ်ကွက်(၁)ဘုရားကြီးလမ်းရှိ သာရမဏ္ဍသာမိုးကောင်းဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲအား သဲကုန်းမြို့နယ် စာစစ်ဌာနတွင်မြို့နယ်အတွင်းရှိပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းအသီးသီးမှ ရဟန်း၊ ရှင်သာမဏေ၊ သီလရှင် ပထမကြီးတန်းတွင် ၁၀ ပါး၊ ပထမလတ်တန်းတွင် ရှစ်ပါး၊ ပထမငယ်တန်းတွင် ၁၆ ပါး၊ အခြေပြုမူလတန်းတွင် ၃၈ ပါး၊ ကြွရောက်ဖြေဆိုလျက်ရှိရာ စာမေးပွဲဖြေဆိုနေမှုများအား ဩဝါဒစရိယဆရာတော်များနှင့် တာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်မှဧပြီလ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း စာမေးပွဲများကိုနေ့ရက်အလိုက်ဘာသာရပ် စာမေးပွဲများ ကျင်းပဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော် (သဲကုန်း)**

## မင်းလှမြို့၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆို

မင်းလှ မတ် ၂၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို အမှတ်(၆)ရပ်ကွက် မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး၌ ယနေ့မွန်းတည့် ၁၂ နာရီတွင် စတင်ဖြေဆိုကျင်းပခဲ့ကြောင်း သိရသည်။



စာမေးပွဲတွင် မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကျောင်းများမှ ယနေ့ပထမနေ့၌ ပထမကြီးရဟန်းတစ်ပါး၊ ပထမလတ်တန်းရဟန်း နှစ်ပါး၊ ပထမငယ်တန်းသာမဏေ ၁၄ ပါး၊ အခြေပြုမူလတန်းသာမဏေ ၂၀ ပါး ဝင်ရောက်ဖြေဆိုခဲ့သည်။

အဆိုပါစာမေးပွဲကို မြို့နယ်သံဃနာယကဥက္ကဋ္ဌ အောင်ဇေယျုံကျောင်းတိုက်ဆရာတော်အရှင်ဉာဏပဏ္ဍိတနှင့် အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်သာသနာရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်ထိ မွန်းတည့် ၁၂နာရီမှ နေ့လယ် ၃ နာရီထိ ဖြေဆိုကျင်းပမည်ဖြစ်ရာ စာဖြေရက်များအတွင်း မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်များစုပေါင်း၍ ရဟန်းသံဃာတော်များအား နေ့စဉ်နေ့ဆွမ်းနှင့် အချိုပွဲများအလှည့်ကျ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

## ချမ်းမြသာစည်မြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆို



မန္တလေး မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့်၂၀၂၆ ခုနှစ်အစိုးရပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ချမ်းမြသာစည်မြို့နယ် အမှတ် (၃၄)အခြေခံပညာအထက်တန်းကျောင်း၌ စတင်ဖြေဆိုလျက်ရှိသည်။

အဆိုပါစာမေးပွဲတွင် ပါဠိပထမပြန်ကြီးတန်း ဖြေဆိုသံဃာ ၄၉ ပါး၊ ပါဠိပထမပြန်လတ်တန်း ဖြေဆိုသံဃာ ၇၂ ပါးနှင့် လူပုဂ္ဂိုလ်အမျိုးသမီးတစ်ဦး၊ ပါဠိပထမပြန်ငယ်တန်း ဖြေဆိုသံဃာ ၁၄၅ ပါး၊ ပါဠိပထမပြန်အခြေပြုမူလတန်း ဖြေဆိုသံဃာ ၁၉၄ ပါး စုစုပေါင်းစာရင်းရှိ ၅၇၁ ပါးရှိပြီး ၁၁၀ပါး ဖြေဆိုရန်ပျက်ကွက်ခဲ့သည်။ အစိုးရပါဠိပထမပြန်စာမေးပွဲကျင်းပရာသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဩဝါဒစရိယ ဆရာတော်များ၊ မြို့နယ်စာမေးပွဲကြီးကြပ်ရေး ဆရာတော်များနှင့် အဖွဲ့ဝင်များမှကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ပါဠိပထမပြန်စာမေးပွဲတွင် ကြီးကြပ်သည့် ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍နေ့ဆွမ်းနှင့်ဝတ္ထုငွေများဆက်ကပ်လှူဒါန်းခဲ့သည်။ အဆိုပါအစိုးရပါဠိပထမပြန်စာမေးပွဲအား မတ်လ ၂၉ ရက် မှ ဧပြီလ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **အလင်းသစ်(ချမ်း/စည် ပြန်/ဆက်)**

## မတ္တရာမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမနေ့ စတင်ဖြေဆို



မတ္တရာ မတ် ၂၉

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲပထမနေ့ ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ၊ ဘိက္ခုပါတိမောက်ဘာသာ/ဓမ္မပဒ၊ ဒွေမာတိကဘာသာ/ဓမ္မပဒဘာသာရပ်ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)ရပ်ကွက် အောင်မြေသုခကျောင်းတိုက်စာစစ်ဌာန၌ စတင်ကျင်းပခဲ့သည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲတွင် စာရင်းရှိ ၁၂၇ ပါးရှိပြီး ပထမကြီးတန်းရှင်ရဟန်း ၂၃ ပါး၊ သီလရှင် တစ်ပါး၊ ပထမလတ်တန်း ရှင်ရဟန်း ၂၈ ပါး၊ သီလရှင်လေးပါး၊ ပထမငယ်တန်း ရှင်ရဟန်း ၂၂ ပါး၊ သီလရှင်နှစ်ပါး၊ အခြေပြု မူလတန်းရှင် ၃၆ ပါး စုစုပေါင်း ၁၁၆ ပါး ဖြေဆိုမှုရာခိုင်နှုန်း ၉၁ ဒသမ ၃၄ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၁ ပါးဖြေဆိုရန် ပျက်ကွက်ခဲ့သည်။ အစိုးရပါဠိပထမပြန်စာမေးပွဲကျင်းပရာသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်များ၊ မြို့နယ်စာမေးပွဲကြီးကြပ်ရေးဆရာတော်များနှင့် အဖွဲ့ဝင်များမှ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများမှ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲအား မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေရာသား**

## တိုက်ကြီးမြို့နယ်၌ အစိုးရပါဠိပထမပြန် စာမေးပွဲများ စတင်ဖြေဆို



တိုက်ကြီး မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ပြန့်ပွားရေးအတွက် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် အိုးတန်းရပ်ကွက် ပြည်လမ်းရှိ မြို့နယ်သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ စာမေးပွဲဩဝါဒါစရိယနှင့် အထူးကြီးကြပ်ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာတော်များ စုစုပေါင်း ၁၂၅ ပါးအား မင်္ဂလာရပ်ကွက် တနင်္ဂနွေဆွမ်းလောင်းအသင်းမှ နေ့ဆွမ်းဆက်ကပ်လှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပါဠိပထမပြန်စာမေးပွဲကို ကျင်းပရာ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်းတို့တွင် ရဟန်း၊ သာမဏေ စုစုပေါင်း ၁၀၅ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး အဆိုပါစာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲမှု

ဒေါက်တာသူဇာဝင်း
(စိုက်ပျိုးရေး)

လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးရေးစနစ်တွင် သီးနှံအထွက်နှုန်းတိုးရုံသာမက မြေဆီလွှာကျန်းမာရေးကိုပါထိန်းသိမ်းနိုင်ရန်မှာ အဓိကစိန်ခေါ်မှုဖြစ်လာသည်။ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်အတွက် အထိရောက်ဆုံးနည်းလမ်းမှာ ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲမှု (Integrated Nutrient Management)ကို လိုက်နာကျင့်သုံးခြင်းဖြစ်သည်။

မြေကြီးကိုသက်မဲ့ကြားခံနယ်(Medium)ဟုမမြင်ဘဲ သက်ရှိစနစ်(Living System)တစ်ခုအဖြစ် ရှုမြင်တတ်ရန်လိုသည်။ မြေဆီလွှာတွင် ရူပဂုဏ်သတ္တိ၊ ဓာတုဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိများရှိသည်။ ကျန်းမာသောမြေဆီလွှာဖြစ်ရန်အတွက် မြေသား အနု/အကြမ်း၊ မြေစိုင်ခဲဖွဲ့စည်းမှု၊ မြေသားတည်ဆောက်မှု၊ မြေဆီလွှာသိပ်သည်းမှု၊ လေပေါက်၊ ရေပေါက်ပါဝင်မှု စသည့် ရူပဂုဏ်သတ္တိများကောင်းမွန်ရန်လိုသကဲ့သို့ ဓာတုဂုဏ်သတ္တိဖြစ်သော သင့်တင့်သည့် မြေချဉ်ငန်ကိန်း၊ ဓာတ်ဖိုဖလှယ်နိုင်မှုစွမ်းရည်မြင့်ရန်နှင့် ဇီဝဂုဏ်သတ္တိဖြစ်သည့် မြေကြီးအတွင်း အဏုဇီဝပိုးမွှားများပေါများရန်လိုသည်။ ဓာတ်မြေဩဇာကို လွန်ကဲစွာသုံးစွဲပါက မြေကြီး၏ဆားဓာတ်ကိုမြင့်တက်စေပြီး မြေသားဖွဲ့စည်းပုံကို ပျက်စီးစေနိုင်သကဲ့သို့ မြေကြီးထဲရှိအကျိုးပြုပိုးမွှားများ ရှင်သန်နိုင်စွမ်းမရှိတော့၍ မြေဆီလွှာ၏ဇီဝဂုဏ်သတ္တိပျက်စီးပြီး မြေကြီးသေသွားနိုင်သည်။

**တောင်သူလယ်သမားများ၏အခက်အခဲ**

နှစ်စဉ်ဆက်တိုက်စိုက်ပျိုးခြင်း၊ ထွန်ယက်မှုများခြင်း၊ ဓာတုမြေဩဇာများလွန်ကဲစွာသုံးခြင်း၊ သဘာဝမြေဩဇာသုံးစွဲမှုနည်းပါးခြင်းတို့ကြောင့်မြေဆီလွှာအဆင့်အတန်းနိမ့်ကျလာလျက်ရှိသည်။ အထွက်ကောင်းမျိုးများ အသုံးပြုလာကြ၍ အာဟာရဓာတ် လိုအပ်ချက်မြင့်မားလာသကဲ့သို့ ဈေးကွက်အတွင်း ဓာတ်မြေဩဇာဈေးနှုန်းများမှာလည်း ကြီးမြင့်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်ကိရိယာများအသုံးပြုမှုများလာ၍ မြေကျပ်ခြင်းများဖြစ်လာပြီး လေဝင်လေထွက်ညံ့ဖျင်း၍ ရေစိမ့်ဝင်နှုန်းကျလာသည်။ ၎င်းအပြင် သီးနှံစိုက်ပျိုးရာ၌ ဓာတုဆေးများ အလွန်အကျွံအသုံးပြုမှုများပြားလာသည့်အတွက် မြေဆီလွှာပျက်စီးမှုများလည်းဖြစ်ပေါ်လာပြီး သီးနှံများကောင်းစွာမဖြစ်ထွန်းဘဲ အရည်အသွေးညံ့ဖျင်းလာသည်။

**အပင်များလိုအပ်သည့်အာဟာရဓာတ်များ**

အပင်များကျန်းမာသန်စွမ်းပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် အာဟာရဓာတ်များကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းရှိရန် အလွန်အရေးကြီးသည်။ သိပ္ပံနည်းကျလေ့လာမှုများအရ အပင်များအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ် ၁၈ မျိုးအထိ ရှိလာပြီဖြစ်သည်။ အပင်များရှင်သန်ရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် ကာဗွန်၊ ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်တို့ကို လေနှင့်ရေထဲမှ သဘာဝအတိုင်း အလုံအလောက်ရရှိနိုင်သည်။ နိုက်ထရိုဂျင်၊ ဖော့စဖောရပ်၊ ပိုတက်စီယမ်တို့မှာ အပင်များအတွက် အဓိကအများလိုအာဟာရဓာတ်များဖြစ်ကြပြီး မြေဆီလွှာတွင် လျော့နည်းတတ်သဖြင့် ဓာတ်မြေဩဇာများမှတစ်ဆင့် အဓိကဖြည့်တင်းပေးရသော



ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲခြင်းစနစ် ဆောင်ရွက်ထားသည့် ဝါစိုက်ခင်း။

ဓာတ်များဖြစ်သည်။ ကယ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဆာလဖာတို့သည် ဒုတိယအများလိုအာဟာရဓာတ်များဖြစ်ကြသည်။ ၎င်းအပြင် အပင်များအတွက် မဂ္ဂနီ၊ ဇင့်၊ ကော့ပါး၊ ဘိုရွန်၊ မော်လဒီနမ်၊ ကလိုရိုက်၊ အိုင်းယွန်း၊ ကိုဘော့၊ နီကယ်စသည့်အနည်းလိုအာဟာရဓာတ်များလည်းလိုအပ်သည်။ သတိပြုရမည့်အချက်မှာ အနည်းလိုအာဟာရဓာတ်များသည် ပမာဏအနည်းငယ်သာ လိုအပ်သော်လည်း အပင်၏ ဇီဝကမ္မဖြစ်စဉ်များအတွက် လုံးဝ(လုံးဝ)မရှိမဖြစ်လိုအပ်သောဓာတ်များဖြစ်သည်။

**အာဟာရဓာတ်စီမံခန့်ခွဲမှု၏ အရေးကြီးပုံ**

သီးနှံအထွက်နှုန်းကို ဆုံးဖြတ်ရာတွင် အပေါ်များဆုံးရှိနေသော အာဟာရဓာတ်က ဆုံးဖြတ်သည်မဟုတ်ဘဲ "အပင်အတွက် အလိုအပ်ဆုံးဖြစ်နေပြီး အနည်းဆုံးဖြစ်နေသည့်အာဟာရဓာတ်"မှသာ အထွက်နှုန်းကို ကန့်သတ်လိုက်ခြင်းဖြစ်သည်။ အာဟာရဓာတ်တစ်ခုချင်းစီတွင် သီးသန့်လုပ်ဆောင်ချက်များရှိကြသောကြောင့် ဓာတ်တစ်ခုကို နောက်တစ်ခုနှင့်အစားထိုး၍မရနိုင်ပါ။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် မိမိတို့၏အပင်များမျှတသောအာဟာရဓာတ်ကို ရရှိစေရန်အတွက် အများလိုဓာတ်များသာမက အနည်းလိုဓာတ်များကိုပါ စနစ်တကျထည့်သွင်းကျွေးပေးရန်လိုအပ်သည်။ အာဟာရဓာတ်များ မျှတစွာရရှိမှသာလျှင် သီးနှံများအရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းအမြင့်ဆုံးကိုရရှိနိုင်မည်ဖြစ်သည်။

**မြေဆီလွှာ၏ မြေချဉ်ငန်ကိန်း (Soil pH)**

မြေဆီလွှာ၏ ချဉ်ခြင်း၊ ငန်ခြင်း အဆင့်အတန်းကို သုညမှ ၁၄ အထိ သတ်မှတ်ထားသည်။ pH 7 သည် အလယ်အလတ် မျှခြေအမှတ် (Neutral) ဖြစ်ပြီး 7 အောက်နည်းလျှင် မြေချဉ်၊ 7 ထက်များလျှင် မြေငန်ဟု သတ်မှတ်သည်။ သီးနှံအမျိုးအစားအလိုက်သင့်လျော်သည့် pH တန်ဖိုးကွာခြားကြသော်လည်း ယေဘုယျအားဖြင့် အပင်အများစုအတွက် pH 6 မှ 7 ကြားသည် အာဟာရဓာတ်စုံလင်စွာ စုပ်ယူနိုင်ရန် အကောင်းဆုံးအခြေအနေဖြစ်သည်။

မြေဆီလွှာ၏ မြေချဉ်ငန်ကိန်းနိမ့်လွန်းခြင်း/မြင့်လွန်းခြင်းများသည် အပင်၏ အာဟာရဓာတ်စုပ်ယူမှုကို အဓိကဟန့်တား



တောင်သူကွင်းပြပွဲ ဆောင်ရွက်နေပုံ။

သည်။ မြေဆီလွှာထဲတွင် အာဟာရဓာတ်များပြည့်စုံစွာရှိသည့်တိုင်အောင် သီးနှံပင်အတွက်သင့်လျော်သည့် pH တန်ဖိုးမဟုတ်ခဲ့ပါက အဆိုပါဓာတ်များသည် ဓာတ်ပြောင်းလဲမှုဖြစ်ပြီး အပင်မှစုပ်ယူ၍မရသည့် ပုံစံမျိုး(Locked up)ဖြစ်သွားတတ်သည်။ စိုက်ပျိုးသူများအနေဖြင့် မိမိစိုက်ပျိုးသည့်သီးနှံနှစ်သက်သည့် မြေချဉ်ငန်ကိန်းပမာဏရရှိစေရန် မြေပြုပြင်ပေးရမည်။ မြေအလွန်ချဉ်ပါက ထုံးထည့်ပေးခြင်း၊ မြေအလွန်ငန်ပါက ဂျစ်ပဆမ် သို့မဟုတ် ဆာလဖာထည့်ပေးခြင်းတို့ဖြင့် pH တန်ဖိုးပြောင်းလဲစေရန် ပြုပြင်နိုင်သည်။ သဘာဝမြေဩဇာကို များများထည့်ပေးခြင်းသည်လည်း မြေကြီး၏ pH ပုံမှန်ဖြစ်အောင် အလိုအလျောက် ထိန်းညှိပေးနိုင်သည်။

**မြေဆီလွှာ၏ အာဟာရဓာတ်ထိန်းသိမ်းနိုင်စွမ်း (CEC)**

ဤနေရာတွင်မြေကြီး၏အာဟာရဓာတ်ထိန်းနိုင်စွမ်းဖြစ်သည့် ဓာတ်ဖိုဖလှယ်နိုင်စွမ်း (CEC) အကြောင်းကို သိရှိနားလည်ရန်လိုသည်၊ မြေဩဇာထည့်ပေးတိုင်း အပင်က စားရသည်မဟုတ်ပါ။ ထည့်လိုက်သည့် မြေဩဇာကို မြေကြီးက အရင်ဆုံးထိန်းပေးထားရသည်။ ဓာတ်ဖိုဖလှယ်နိုင်စွမ်းဆိုသည်ကို မြင်လွယ်အောင်ပြောရမည်ဆိုပါက မြေကြီး၏သံလိုက်အင်အားဟုတင်စားနိုင်သည်၊ ယေဘုယျအားဖြင့်မြေကြီးထဲရှိ မြေစေးမှုန်များနှင့် မြေဆွေးများတွင် အမဓာတ် (Negative Charge) များစွာရှိသည်၊ အပင်အတွက်လိုအပ်သည့်နိုက်ထရိုဂျင် (အမိုနီယမ်)၊ ပိုတက်စီယမ်၊ ကယ်စီယမ်နှင့် မဂ္ဂနီစီယမ် စသည့်အာဟာရဓာတ်အများစုသည် အဖိုဓာတ် (Positive Charge/ Cations)များဖြစ်ကြသည်။ သံလိုက်သဘောအရ (မ)က(ဖို)ကို ဆွဲကပ်ထားနိုင်သည့်အတွက် အမဓာတ်များသော မြေစေး/မြေဆွေး စသည့်မြေများသည် ထည့်လိုက်သည့် မြေဩဇာအဖိုဓာတ်များကို ကောင်းကောင်းဆုပ်ကိုင်ထားနိုင်သည့်အတွက် ဓာတ်ဖိုဖလှယ်နိုင်စွမ်း CEC မြင့်မားလေ့ရှိသည်။ သဲမှုန်များ၏ မျက်နှာပြင်တွင် အမဓာတ် အလွန်နည်းပါးသည်၊ ထို့ကြောင့် အာဟာရဓာတ်(ဓာတ်ဖိုများ)ကို ဆွဲကပ်ထားနိုင်စွမ်း အလွန်နည်းသည့်အတွက် သဲမြေတွင်အာဟာရဓာတ် စိမ့်ဝင်ဆုံးရှုံးမှုများသည်။

**CEC မြင့်မားခြင်း၏ အကျိုးကျေးဇူး**

CEC မြင့်မားသည့်မြေများသည် အပင်အတွက် ရိက္ခာတိုက်သဖွယ်ဖြစ်နေပြီး ဤမြေမျိုးတွင် စိုက်ပျိုးခြင်းအားဖြင့် မြေဩဇာအလေအလွင့်နည်းခြင်း၊ အပင်မှလိုအပ်သည့်အချိန်တွင် မြေကြီးတွင် တွယ်ကပ်နေသည့် အာဟာရဓာတ်များကို ပြန်လည်ထုတ်ယူစားသုံးနိုင်ခြင်း၊ မြေချဉ်ငန်ကိန်းတန်ဖိုးကို ထိန်းညှိပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည်။ CEC နည်းသောမြေ (သဲဆန်သည့်မြေ)တွင် ရေအလွန်အကျွံလောင်းလျှင် အာဟာရဓာတ်များ မြေအောက်ထဲစီးမျောဆုံးရှုံးမှုပိုများနိုင်သည်ကို သတိပြုရမည်။ ထို့ကြောင့် CEC နည်းသော သဲမြေများတွင် မြေဩဇာကို တစ်ကြိမ်တည်းအများကြီးမကျွေးဘဲ နည်းနည်းနှင့် အကြိမ်ကြိမ် အလီလီ ခွဲကျွေးသင့်သည်၊ စိုက်ပျိုးသူများအနေဖြင့်မြေဩဇာကျွေးရုံဖြင့်မလုံလောက်ဘဲ မိမိမြေကြီး၏ CEC တက်လာစေရန် အော်ဂဲနစ်ပစ္စည်း (သီးနှံအကြွင်းအကျန်များ)/မြေဆွေး/သစ်စိမ်းမြေဩဇာ စသည်တို့ကို

**စာမျက်နှာ ၁၄ သို့** ●

● စာမျက်နှာ ၁၃ မှအဆက်

ထည့်သွင်းပေးရမည်။ မြေဆွေးဓာတ်တိုးပွားအောင် လုပ်ဆောင်ခြင်းသည် မြေကြီး၏သံလိုက်အားကို မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။

**ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲမှု (INM)**

ဘက်စုံအာဟာရဓာတ် စီမံခန့်ခွဲမှုဆိုသည်မှာ အပင်အတွက်လိုအပ်သော အာဟာရဓာတ်များကို ရင်းမြစ်တစ်ခုတည်း (ဥပမာ- ဓာတ်မြေသြဇာ)မှသာ ရယူခြင်းမဟုတ်ဘဲ ရရှိနိုင်သောအာဟာရရင်းမြစ်အားလုံးကို အချိုးအစားကျကျပေါင်းစပ်အသုံးပြုခြင်းဖြစ်သည်။ ဓာတ်မြေသြဇာများသည် အပင်မှလိုအပ်သော အာဟာရကို အချိန်တိုအတွင်း အမြန်ဆုံးဖြည့်တင်းပေးနိုင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့်

> ❖ **ရေရှည်တည်တံ့သည့် စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရန် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာတို့ကို ပေါင်းစပ်အသုံးပြု၍ ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲသည့် နည်းလမ်းကိုအသုံးပြုသင့်သည်။ ဤနည်းလမ်းကို အသုံးပြုခြင်းဖြင့် မြေဆီလွှာကျန်းမာရေးကို ထိန်းသိမ်းနိုင်ခြင်း၊ မြေဆီလွှာ pH ကို ထိန်းညှိပေးခြင်း၊ အာဟာရဓာတ်အလေအလွင့်နည်းခြင်း၊ ဓာတ်မြေသြဇာ သုံးစွဲမှုကိုလျှော့ချနိုင်ပြီး ကုန်ကျစရိတ်သက်သာစေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချပေးခြင်း စသည့်အကျိုးကျေးဇူးများရမည်ဖြစ် . . .**

ထည့်သွင်းသည့် မြေသြဇာကို အပင်မှရယူနိုင်စွမ်းကွာခြားနိုင်သည်။ ၎င်းအပြင် ဓာတ်မြေသြဇာများကိုသာ ဆက်တိုက်အသုံးပြုခြင်းသည် ရေတိုတွင်အထွက်နှုန်းကောင်းနိုင်သော်လည်း ရေရှည်တွင် မြေဆီလွှာကို ပျက်စီးစေသည်။ ထို့ကြောင့် ရေရှည်တည်တံ့သည့်စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရန် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာတို့ကို ပေါင်းစပ်အသုံးပြု၍ ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲသည့် နည်းလမ်းကိုအသုံးပြုသင့်သည်။ ဤနည်းလမ်းကိုအသုံးပြုခြင်းဖြင့်မြေဆီလွှာကျန်းမာရေးကို ထိန်းသိမ်းနိုင်ခြင်း၊ မြေဆီလွှာ pHကိုထိန်းညှိပေးခြင်း၊အာဟာရဓာတ် အလေအလွင့်နည်းခြင်း၊ ဓာတ်မြေသြဇာသုံးစွဲမှုကိုလျှော့ချနိုင်ပြီး ကုန်ကျစရိတ်သက်သာစေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချပေးခြင်း စသည့်အကျိုးကျေးဇူးများရမည်ဖြစ်သည်။

"မြေဆီလွှာသည် အပင်၏အစာအိမ်ဖြစ်သည်"ဟူသောစကားအတိုင်း အစာအိမ်မကောင်းပါက မည်မျှကောင်းသော အစာ (ဓာတ်မြေသြဇာ) ကျွေးသည်ဖြစ်စေ အပင်မှစားနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် မိမိတို့၏ မြေဆီလွှာကျန်းမာသန့်စွမ်းပြီး စိုက်ပျိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာတို့ကို ပေါင်းစပ်အသုံးပြု၍ ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းတင်ပြအပ်ပါသည်။ ။

# ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပွဲကျင်းပ

**ပန်းတောင်း မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သံဃာတော်များ၊ သီလရှင်များအား ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မတ်လ ၂၉ ရက် နံနက်ပိုင်းတွင် ပန်းတောင်းမြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကိုနမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက်တက်ရောက်လာကြသော ဧည့်ပရိသတ်များက အောင်မြေဘုံကျော် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို မြို့နယ်ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က ဖတ်ကြားပူဇော်သည်။

ယင်းနောက် ၂၀၂၆ ခုနှစ်လွှတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသည့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဥသျှစ်ပင်မြို့ သုခိတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို လည်းကောင်း၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲတွင် ကျမ်းသုံးကျမ်းအောင်မြင်တော်မူသည့် ဘဒ္ဒန္တစန္ဒိမာ (စွယ်တော်ကျောင်း)နှင့် ဘဒ္ဒန္တဝိနယ (ရွှေညောင်ပင်ကျောင်း)တို့အား အောင်လက်မှတ်နှင့် အဆောင်အယောင်များကို လည်းကောင်း တာဝန်ရှိသူများက အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ပထမကြီးတန်းအောင်မြင်တော်မူသည့် အရှင်က္ကသရိယလင်္ကာရနှင့် ပထမလတ်တန်းအောင်မြင်တော်မူသည့် အရှင်ဉာဏဓဇတို့အပါအဝင် စာအောင်သံဃာတော်များနှင့် သီလရှင်များ၊ လူပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

**MWD Variety Channel**

**၃၀-၃-၂၀၂၆ (တနင်္လာနေ့)**

၁။ ၁၀:၄၅ Countries of the World

၂။ ၁၂:၂၀ Knowledge Note

၃။ ၁၆:၃၅ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ

၄။ ၁၇:၄၅ ပရိသတ်အတွက် ကဗျာလက်ဆောင်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

▲ ရှေ့ဖုံးမှအဆက်

မော်တော်ယာဉ် ၁၃၈၁၅၇ စီး ဆီဖြည့်တင်းခဲ့ကြသော်လည်း ၂၇-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၄၉၆၉၀ စီး၊ မော်တော်ယာဉ် ၁၀၅၃၄၅ စီးသို့ လျော့ကျသွားခဲ့ပါသည်။ ၂၆-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/ သုံးဘီး ၁၈၄၂၈၄ စီး၊ မော်တော်ယာဉ် ၁၁၃၀၂၈ စီး ဆီဖြည့်တင်းခဲ့ကြသော်လည်း ၂၈-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၆၅၃၇၁ စီး၊ မော်တော်ယာဉ် ၁၀၇၉၆၅ စီးသို့ လျော့ကျသွားခဲ့ပါသည်။






**သို့ရာတွင် စက်သုံးဆီဈေးနှုန်းတိုးမြင့်လာမှုကို အခွင့်ကောင်းယူ၍ အချို့**




**အရောင်းဆိုင်များသည် ရောင်းချခြင်း မပြုဘဲ ဆိုင်ပိတ်ထားခြင်း၊ အချို့ဆိုင်များသည် Scan မဖတ်ဘဲ ရောင်းချပေးနေခြင်း၊ Taxi ယာဉ်များသည် ခွဲတမ်းပိုမိုရရှိမှုကို အခွင့်ကောင်းယူ၍ မသမာမှုများပြုလုပ်လာခြင်းတို့ကြောင့် ဖွင့်လှစ်ရောင်းချနေသည့်အရောင်းဆိုင်များတွင် ယာဉ်များ တန်းစီမှုပိုမိုလာသည်ကို စစ်ဆေးတွေ့ရှိရပါသည်။**

ယင်းသို့ အများပြည်သူများကို ထိခိုက်နစ်နာစေသည့် မသမာမှုများကို ပြည်သူတို့၏ သတင်းပေးပို့လာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်ရှိ "ရွှေပိုး" စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ် (၂၅၉၇)၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ-ရပ်ကွက်၊ ၆၂ လမ်းပေါ်ရှိ "ရွှေခြင်္သေ့" စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ် (၀၇၃၀)နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းမကြီး (လမ်းဟောင်း)ပေါ်ရှိ "အောင်သိဒ္ဓိ" စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ်(၀၄၈၀)တို့အား လိုင်စင်ယာယီပိတ်သိမ်း၍ အရောင်းဆိုင်မန်နေဂျာများနှင့် ဝန်ထမ်းများအား ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ ထို့ပြင် တရားမဝင်စက်သုံးဆီ သိုလှောင်ထားရှိကြောင်း တိုင်ကြားလာမှုသတင်းအရ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၀/ B ရပ်ကွက်၊ မြနန္ဒာလမ်းသွယ် (ကျူးကျော်)နေ ဦးမြင့်မောင်အား တရားမဝင်စက်သုံးဆီများ သိုလှောင်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသုံး စက်ပစ္စည်းများအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ သတ်မှတ်ပေးထားသော စက်သုံးဆီအရောင်းဆိုင်များတွင် ထောက်ခံချက်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့်လည်း စက်သုံးဆီဝယ်ယူခြင်းနှင့်ပတ်သက်၍ အခက်အခဲများနှင့် မသမာမှုများတွေ့ရှိနေရသည့်အပေါ်တွင် Call Center သို့ တိကျစွာအသိပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

---

◆ ရထားစီးနင်းမှုမှ

အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန် ရထားများအား ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ စီးနင်းမှုများပြားလာသည့်အတွက် အမှတ်(၃၃) အဆန်၊ အမှတ်(၃၄) အစုန်လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများကို ထပ်မံတိုးချဲ့ပြေးဆွဲပေးခဲ့သည်။

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၌ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများ၌လည်း ခရီးသည်စီးနင်းမှုများပြားလာသည့်အတွက် အထက်တန်း(၁)တွဲ၊ ရိုးရိုးတန်း(၃)တွဲ ထပ်မံချိတ်ဆက်ပြေးဆွဲပေးခဲ့ပြီး ယခင်ရပ်တန့်ဘူတာ ၁၆ ဘူတာရှိရာမှ ဒိုက်ဦး၊ ရေနီ၊ ညောင်ရမ်း၊ မြစ်သား ၄ ဘူတာထပ်မံရပ်တန့်ပေးခဲ့သည်။

ထို့အတူ ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်း၌ ရထားစီးနင်းမှုများပြားလာသည့်အတွက် အမှတ်(၈၁) အဆန်၊ အမှတ်(၈၂)အစုန်လေအိတ်လူစီးအမြန်ရထား၌ ရိုးရိုးတန်း(၁)တွဲ ထပ်မံချိတ်ဆက်ပြေးဆွဲပေးခြင်း ၊ ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင်ပြေးဆွဲနေသော အမှတ်(၇၁)အဆန်၊ အမှတ်(၇၂)အစုန် လူစီးအမြန်ရထားသည် ခရီးသည်စီးနင်းမှုများပြားခြင်း၊ ကြည့်မြင်တိုင်-ပြည် ရထားလမ်းပိုင်း၌ အမှတ်(၆၃) အဆန်၊ အမှတ် (၆၄)အစုန်လူစီးစာပို့ရထားတွင် ရိုးရိုးတန်း(၂)တွဲအား ထပ်မံချိတ်ဆက်ပြေးဆွဲပေးခဲ့ပြီး လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်း၌ အမှတ်(၁၉၅)အဆန်၊ အမှတ်(၁၉၆)အစုန် လော်ကယ်ရထားအား တနင်္လာ ၊ ဗုဒ္ဓဟူး ၊ သောကြာနေ့တို့တွင် ပြေးဆွဲပေးလျက်ရှိရာမှ ခရီးသည်စီးနင်းမှုများပြားလာသည့်အတွက် မတ်လ ၂၈ ရက်မှစ၍ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများ၊ နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းတွင်ပြေးဆွဲနေသော အမှတ် (၂၇)အဆန်၊ အမှတ်(၂၈)အစုန် လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများအား Online Railways Ticketing and Payment System(ORTP) ဖြင့်ဝယ်ယူနိုင်မည်ဖြစ်ပြီး လက်မှတ်ခန့်မှန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ခရီးသွားပြည်သူများ ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြဝတီ**

---

# ပခုက္ကူမြို့၌ ဆယ့်နှစ်ပွဲဈေးသည်များ၏စုပေါင်းဈေးရောင်းပွဲတော်အတွက် ဆိုင်ခန်းတချို့ဖွင့်လှစ်၍ စတင်ရောင်းချနေပြီဖြစ်

ပခုက္ကူ မတ် ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး ကိုယ်တိုင်တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းရာနှုန်းပြည့်ကပ်လှူပူဇော်ပြီးစီးမှုအထိမ်းအမှတ် ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်အတွက် ဈေးဆိုင်ခန်းတချို့ကို မတ်လ ၂၇ ရက်ကဖွင့်လှစ်ပြီး စတင်ရောင်းချနေကြပြီဖြစ်ကြောင်း သိရသည်။

"ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှု အောင်ပွဲအထိမ်းအမှတ်အဖြစ် ၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်မှ ဧပြီလ ၇ ရက်အထိ အစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း၊ ပွဲတော်ကာလများအတွင်း ဈေးဆိုင်ခန်းပေါင်း ၃၀၀ ခန့်ဖြင့် အညာဒေသထွက်စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်ဒီဇိုင်းမျိုးစုံ၊ ကလေးကစားစရာပစ္စည်းမျိုးစုံ၊ တောင်သူလယ်သမားသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းအရောင်းဆိုင်များနှင့် မုန့်ဆိုင်တန်းများဖြင့် ရပ်နီးရပ်ဝေးမှဈေးသည်များနှင့်ဒေသခံဈေးသည်များ ပါဝင်သော ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်အပြင် မိဘပြည်သူများ စိတ်အပန်းပြေနိုင်စေရေးအတွက် ကလေးကစားစရာနေရာများ၊ ပင်လယ်ဓားပြအပါအဝင် အပျော်စီးနေရာများစီစဉ်ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ မတ်လ ၂၇ ရက်မှစတင်ကာ ဈေးဆိုင်ခန်း ၁၀၀ ခန့် ဖွင့်လှစ်ပြီး ရောင်းချနေကြပြီဖြစ်ကြောင်း၊ လက်ရှိတွင် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်စွမ်းရည်ပြပွဲ ကျင်းပလျက်ရှိပြီး မတ်လ ၃၀ ရက်မှ ဧပြီလ ၁ ရက်အထိ မန္တလေးအားမာန်သစ်ဇာတ်အဖွဲ့နှင့် ဧပြီလ ၅ ရက်မှ ၇ ရက်အထိ မန္တလေးကောင်းစစ်ဟိန်းဇာတ်အဖွဲ့တို့၏ ဇာတ်အလှသဘင်ဖျော်ဖြေရေးအစီအစဉ်များ၊ ဧပြီလ ၁ ရက်တွင် ဘုရားအနေကဇာတင်ဗုဒ္ဓပူဇနိယပွဲတော်၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ၊ ရေစက်ချတရားပွဲနှင့် စတုဒိသာကျွေးမွေးခြင်း၊ သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်တော်လောင်းလှူပွဲ တို့ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း" ဟု ဘုရားကြီး၏ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှဖုန်းကပြောသည်။

ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီးရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၈ ရက်မှစတင်ပြီး ငြမ်းလုပ်ငန်း၊ ပြဒါးခံသစ်စေးသုတ်လုပ်ငန်းနှင့်ရွှေဆိုင်းချခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းစသည်ဖြင့် အပိုင်းသုံးပိုင်းခွဲကာ လုပ်ငန်းများအရည်အသွေးပြည့်မီကောင်းမွန်စေရေးနှင့် ရာနှုန်းပြည့်ပြီးစီးနိုင်ရေးအတွက် ပခုက္ကူမြို့ရှိ ထေရ်ကြီးဝါကြီးဆရာတော်များ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ဘုရားကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်ပြည်သူများစုပေါင်း၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ မတ်လ ၂၇ ရက်တွင် အောင်ပွဲအထိမ်းအမှတ်ဖွင့်ပွဲနှင့် ဓမ္မသဘင်ဆည်းဆာအထူးတရားပွဲတော်များ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ကို (အင်္ဂလိပ်/ မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၆ ခုနှစ် မတ်လ ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုက်ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားသည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင်တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုထုတ်ပြန်လိုက်သည့် ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၀ အုပ်မြောက် နှစ်စဉ်အစီရင်ခံစာဖြစ်သည်။ အစီရင်ခံစာ စာအုပ်တွင် ၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၀ နှစ်တာကာလအတွင်း စဉ်ဆက်မပြတ်တိုးတက်မှု၊ အောင်မြင်မှုများကိုမှတ်တမ်းအဖြစ် စုစည်းဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို သီးခြားကဏ္ဍတစ်ရပ်အနေဖြင့်ဤအစီရင်ခံစာ စာအုပ်၌ ဖော်ပြထားသည်။ အဆိုပါဆောင်ရွက်ချက်များမှာ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးစီမံချက်များချမှတ်၍ တရားစီရင်ရေးရပ်တန့်မသွားစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခြင်း၊ အမှုလက်ကျန်များလျှော့ချနိုင်ခြင်း၊ တရားစီရင်ရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင်နည်းပညာပေါင်းစပ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ အထူးကိစ္စရပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်အသီးသီးရှိ စေ့စပ်ဖြေရှင်းရေးဌာနများမှ ဘဏ်အပေါင်မှုများအား အောင်မြင်အောင်စေ့စပ်ဖြေရှင်းပေးနိုင်ခြင်း၊ အဆင့်မြင့်တရားစီရင်ရေး ဆိုင်ရာသင်ကြားရေးဌာနတစ်ခုဖြစ်သည့် Judicial College အဆောက်အအုံသစ်ကိုဖွင့်လှစ်နိုင်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် AML/CFT အမျိုးသားအဆင့်မဟာဗျူဟာဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၂၅ ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ တရားသူကြီးများ ပညာရပ်ဆိုင်ရာကျွမ်းကျင်ပိုင်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားရေး အစီအစဉ်များ အားကောင်းစေခြင်းနှင့် တရားစီရင်ရေးမိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ခြင်းတို့ဖြစ်သည်။







၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်မှတစ်ဆင့် စာအုပ်ဖတ်ရှုသူများအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်၏တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် တရားမျှတမှုလက်လှမ်းမီရေးတိုးမြှင့်ဆောင်ရွက်နိုင်မှုတို့ကို လွယ်ကူစွာဖတ်ရှုသိရှိနိုင်မည်ဖြစ်သည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏အီးမေးလ် irrdp.usc@gmail.com သို့ ပေးပို့နိုင်ကြောင်း သိရသည်။

မြဝတီ

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိ

ပုသိမ် မတ် ၂၉

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင်လည်း စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပရေးအတွက် နှစ်စဉ်ကျင်းပလာသည့် အတာသင်္ကြန်ပွဲများထက် ထူးခြားလေးနက်သည့် အတာသင်္ကြန်ပွဲအား ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး (ဗဟို) သင်္ကြန်မဏ္ဍပ်အား ပုသိမ်မြို့ကမ်းနားလမ်းရှိ ရှုခင်းသာရင်ပြင်၌ အလျား ပေ ၂၀၀၊ အနံ ပေ ၆၀ ဖြင့် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ဧည့်ခံရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များအား ပူးတွဲပြီးတည်ဆောက်လျက်ရှိသည်။

အလားတူ အဆိုပါ ကမ်းနားလမ်းတွင် လမ်းလျှောက်သင်္ကြန်အား ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများပူးပေါင်း၍ ယခင်နှစ်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး စတုဒိသာမဏ္ဍပ်များအား နှစ်စဉ်ကဲ့သို့ ဆောင်ရွက်မှာဖြစ်ပြီး ယခုနှစ်တွင် ထူးထူးခြားခြား သနပ်ခါးသင်္ကြန်မဏ္ဍပ်အား ထည့်သွင်းပြီး ဆင်နွှဲသွားမည်ဖြစ်သည်။

အဆိုပါ မဏ္ဍပ်ပြင်ဆင်မှုများကိုလည်း မြန်မာ့ရိုးရာအတာသင်္ကြန်၏ ပုံရိပ်နှင့်အညီ တည်ဆောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ဧရာဝတီတိုင်းဒေသကြီး၏ အမှတ်သင်္ကေတဖြစ်သည့် ပုသိမ်ထီးအား မဏ္ဍပ်ပြင်ဆင်မှုများတွင် ပိုမိုပြောင်မြောက်စေရန်ထည့်သွင်းအသုံးပြုသွားမည်ဖြစ်သည်။ ထို့ပြင် တိုင်းဒေသကြီးအတွင်း စက်သုံးဆီ မြိုးခြိမ့်ချွေတာသုံးစွဲရေးအနေဖြင့် လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟိုမဏ္ဍပ်နှင့်အခြားသော မဏ္ဍပ်များအား ပုသိမ်မြို့ကမ်းနားလမ်းတွင် တစုတစည်းတည်းကျင်းပရာ ဆိုလာရေရရှိရေးစနစ်ဖြင့်လည်းကောင်း၊ လျှပ်စစ်မီးအသုံးပြု၍ စက်သုံးဆီသုံးစွဲရေးအား အနည်းဆုံးမြိုးခြိမ့်ချွေတာနိုင်ရေးစီစဉ် ဆောင်ရွက်ထားလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား နှစ်စဉ်နှစ်တိုင်းထက် ပိုမိုထူးခြားလေးနက်စွာ၊ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့်အပြင် နှစ်ဆန်းတစ်ရက်နေ့တွင်လည်း ဇီဝိတဒါနငါးလွှတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများအား စီစဉ်ဆောင်ရွက်ထားကြောင်း ဗဟိုမဏ္ဍပ်တည်ဆောက်ရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၏ ပြောကြားချက်အရသိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ အကြိမ်(၃၀)မြောက်နှင့် (၃၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားများကျင်းပ

ရန်ကုန် မတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ အကြိမ်(၃၀)မြောက်နှင့် (၃၁) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားများကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သူနာပြုတက္ကသိုလ်ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေနှင့် ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက သက်ဆိုင်ရာဝတ်ရုံများဝတ်ဆင်လျက် ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်တွင် နေရာယူကြသည်။

ထို့နောက် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြပြီး သူနာပြုပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးသူနာပြုဒီပလိုမာဘွဲ့နှင့် သူနာပြုသိပ္ပံဘွဲ့များအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံကြရသူများကို သူနာပြုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်က ဘွဲ့များအပ်နှင်းကာအမှာစကားပြောကြားသည်။

ယနေ့ ကျင်းပသည့်သူနာပြုတက္ကသိုလ်(ရန်ကုန်)၏အကြိမ်(၃၀)မြောက်ဘွဲ့နှင်းသဘင်၌ သူနာပြုပါရဂူသင်တန်းအောင်မြင်သူ တစ်ဦး၊ သူနာပြုမဟာသိပ္ပံသင်တန်း အောင်မြင်သူ ၂၀ ဦး၊ သူနာပြုသိပ္ပံ (ပေါင်းကူး)(အဝေးသင်) သင်တန်း အောင်မြင်သူ ၇၆ ဦး၊ သူနာပြုသိပ္ပံ (ပေါင်းကူး)(On -Campus)သင်တန်း အောင်မြင်သူ ၁၅၂ ဦး၊ သူနာပြုသိပ္ပံပုံမှန် (၁/၂၀၂၅) သင်တန်းအောင်မြင်သူ ၈၄ ဦး၊ အထူးပြုသူနာပြု ဒီပလိုမာသင်တန်း အောင်မြင်သူ ၂၃ ဦးရှိပြီး (၃၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်၌ အရေးပေါ်သူနာပြုစုပညာ ဒီပလိုမာသင်တန်းအောင်မြင်သူ တစ်ဦး၊ သူနာပြုသိပ္ပံ(ပုံမှန်) (၅/၂၀၂၅)သင်တန်း အောင်မြင်သူ ၂၅၃ ဦးတို့ကို ဘွဲ့များအပ်နှင်းသည်။

ယခုနှစ်ဘွဲ့နှင်းသဘင်အပါအဝင် သူနာပြုတက္ကသိုလ်(ရန်ကုန်)တွင် မွေးထုတ်ပေးခဲ့သည့် သူနာပြုဘွဲ့ရဦးရေမှာ သူနာပြုပါရဂူဘွဲ့ လေးဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၂၇၉ ဦး၊ အထူးသူနာပြု ဒီပလိုမာဘွဲ့ရရှိသူ ၉၅၆ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၆၁၁၃ ဦးတို့ကို အောင်မြင်စွာလေ့ကျင့်ပျိုးထောင်ဘွဲ့အပ်နှင်းပေးနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

မြဝတီ




နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။





စစ်ရေးပြကွင်းအတွင်းရှိ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား မီးအလှများဖြင့် အလှဆင်ထားမှုကိုတွေ့ရစဉ်။







နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

❒ ကျောဖုံးမှအဆက်

စစ်ကြောင်းကြီးများချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Hand-made အလှမီးများဖြင့် လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း အသီးသီးပုံဖော်အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုက်ဘာဖြင့်ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးအလှများဖြင့် ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် ယနေ့ ဒုတိယမြောက်နေ့တွင်လည်း စည်ကားလျက်ရှိသည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့်ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)





(၈၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်ထားမှုကိုတွေ့ရစဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com



## Farmers harvest more than 4,000 acres of onion in Monywa Township



MONYWA March 29

Local farmers have so far harvested more than 4,000 acres of onion in Monywa Township of Sagaing Region, according to the Township Agriculture Department.

In Monywa Township, a total of 7,860 acres of onion were cultivated during the winter cropping season. Harvesting of the onion fields began in January this year, and as of today, a total of 4,323 acres have been harvested, with a yield of more than 3,000 viss per acre, according to reports.

"During the winter cropping season in Monywa Township, onions were cultivated on 7,860 acres. The planted onion fields are currently being harvested, and more than 4,000 acres have been completed to date. Onion cultivation exceeded the targeted acreage. We are also facilitating market linkages to help farmers obtain good prices," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

The Township Department of Agriculture in Monywa is assisting onion farmers by creating market connections to secure better prices, providing technical guidance on long-term storage methods, promoting cultivation under Good Agricultural Practices (GAP), and supporting the production of high-quality onions.

Onion farmers reportedly spend around Ks-1.8 million per acre, and the average yield is about 5,000 viss per acre.

In Sagaing Region, onions are widely cultivated. The townships with the largest onion-growing areas are Monywa, Yinmabin, Chaung-U, Shwebo, and Myinmu. **SK**

## All plantations of sweet corns harvested in Ayadaw Township

AYADAW March 29

According to Monywa District Agriculture Department, local farmers have so far reaped all sown acreage of sweet corns in Ayadaw Township of Sagaing Region.

In Ayadaw Township, a total of 4,249 acres of sweet corn were cultivated during the winter cropping season. Harvesting of the cultivated sweet corn fields began in January this year, and as of today, harvesting has been completed on 100 percent of the acreage, with yields of more than 15,000 ears per acre.

"During the winter cropping season in Ayadaw Township, 4,249 acres of sweet corn were planted. At present, all of the cultivated acreage has been fully harvested," said Daw San San Myint, Head of the Monywa District Agriculture Department.

In Ayadaw Township, the Township Agriculture Department has provided training to sweet corn growers, conducted field demonstrations, implemented advance prevention measures against fall armyworm, and promoted integrated pest management practices, including the use of neem-based pesticides and ginger- and chili-based pest control methods, along with other agricultural education activities.

In sweet corn cultivation in Ayadaw Township, yields average about 15,000 ears per acre, and the cultivation cost per acre is reported to exceed Ks-500,000. **SK**

## More than 1,000 acres of sweet corns harvested in Katha Township

KATHA March 29

Local farmers have harvested more than 1,000 acres of sweet corns in Katha Township of Sagaing Region, according to the Township Agriculture Department.

In Katha Township, a total of 3,895 acres of sweet corn were cultivated during the winter cropping season. Harvesting of the cultivated sweet corn fields began in January this year, and as of today, a total of 1,257 acres have been harvested, with yields of more than 30,000 ears per acre.

"During the winter cropping season in Katha Township, 3,895 acres of sweet corn were planted. At present, harvesting is underway, and more than 1,000 acres have been harvested to date. To ensure successful crop production, awareness activities were carried out and preventive measures were provided to protect against pest and disease infestations," said U Ko Lay, Head of the Township Department of Agriculture.

In Katha Township, the Township Department of Agriculture provided training to sweet corn growers, conducted field demonstrations, and carried out awareness activities on preventive measures against fall armyworm, the use of neem-based biopesticides under an integrated crop protection system, and the proper application of pesticides for ginger and chilli pests.

Local farmers cost more than Ks-500,000 per acre in growing sweet corns and it yields 15,000 cobs of sweet corns per acre. **SMK**

## Betel leaves in high demand at domestic market in Kyangin Township



KYANGIN March 29

Trading of betel leaves is booming at the domestic market with high demand in Kyangin Township of Ayeyawady Region, said Daw Aye Thu, the owner of betel leave and areca nut trading depot in Kyangin Township.

In Kyangin Township, locally produced betel leaves are currently in strong demand. Since the second week of February this year up to the present, trading has been brisk. It is reported that between 4,000 and 5,500 viss of marketable betel leaves are being traded daily.

"Demand for betel leaves has increased and sales have improved. At present, clean and high-quality betel leaves from the region are selling particularly well. Buyers from the local market as well as nearby fresh produce markets are purchasing in large quantities, which has boosted sales. Currently, daily sales exceed 6,000 viss. The locally produced betel leaves are pest-free and of good quality. Yields are also good," said Daw Aye Thu.

In Kyangin Township, betel leaves that are being cultivated and selling well are priced at up to Ks-17,000 per 10 viss. The locally produced betel leaves and other fresh produce are being transported for sale to areas such as Pathein, Pantanaw, and Maubin. **SMK**

# Local farmers reap more than 2,000 acres of sweet corns in Myinmu Township



MYINMU March 29

More than 2,000 acres of sweet corns have been harvested in Myinmu Township of Sagaing Region, according to the Sagaing District Agriculture Department.

In Myinmu Township, a total of 5,754 acres of sweet corn were cultivated during the winter cropping season. Harvesting of the cultivated sweet corn fields began in January this year, and as of today, 2,877 acres have been harvested, with yields of more than 27,000 ears per acre.

"During the winter cropping season in Myinmu Township, 5,754 acres of sweet corn were planted. At present, harvesting is underway, and more than 2,000 acres have been harvested to date. To ensure successful crop production, awareness activities were carried out and preventive measures were provided to protect against pest and disease infestations," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

In Myinmu Township, the Township Department of Agriculture provided training to sweet corn growers, conducted field demonstrations, and carried out awareness activities on preventive measures against fall armyworm, the use of neem-based biopesticides under an integrated crop protection system, and the proper application of pesticides for ginger and chilli pests.

In the township, when cultivating maize for seed and sweet corn, sweet corn yields about 15,000 ears per acre. The cultivation cost per acre is reported to exceed Ks-500,000.

**SMK**

# Farmers harvest all plantations of green gram in ChaungU Township

CHAUNGU March 29

Statistics of ChaungU Township Agriculture Department stated that local farmers harvested all plantations of green gram in ChaungU Township of Sagaing Region.

In ChaungU Township, a total of 2,372 acres of green gram were cultivated on the croplands during the cold season cropping period. Harvesting of the cultivated green gram fields began in January this year, and to date, 100 percent of the acreage has been harvested, with yields of more than 18 baskets per acre.

"During the winter cropping season in ChaungU Township, 2,372 acres of green gram were planted. At present, harvesting has been completed on all acres. Green gram cultivation has been increasing year by year. With regard to green gram production, awareness activities have been carried out to expand cultivation and to encourage the use of quality and pure seeds to achieve higher yields," said U Tint Swe, Head of the Township Department of Agriculture.

In ChaungU Township, the Township Department of Agriculture provided green gram growers with education on obtaining regionally suitable quality seeds, applying correct cultivation techniques, preventing pest infestations, using fertilizers systematically, and improving yields.

During this year's winter cropping season, for various pulse crops, the department has been cooperating with farmers to provide necessary quality seeds, agricultural inputs, and post-harvest technology to ensure better yield and quality of pulse production. **SMK**

# Wetlet Township harvests all sown acreage of groundnut

WETLET March 29

According to the Township Agriculture Department, local farmers have harvested all sown acreage of groundnut planted in cold season in Wetlet Township of Sagaing Region.

In Wetlet Township, a total of 14,685 acres of groundnut were cultivated during the winter cropping season. Harvesting of the cultivated groundnut fields began in January this year, and to date, 100 percent of the acreage has been harvested, with an average yield of 68.40 baskets per acre.

"During the winter cropping season in Wetlet Township, 14,685 acres of groundnut were planted. At present, harvesting has been completed on all acres. Groundnut cultivation has been successful. As an edible oil crop, it is in a good condition, and groundnut production has been increasing year by year," said Daw Khin San, Township Manager of the Township Department of Agriculture.

In Wetlet Township, one and a half baskets of seed are required per acre for groundnut cultivation. Including the cost of seeds, labour, fertilizers, and pesticides, the total cultivation cost exceeds Ks-200,000 per acre. The average yield per acre is reported to be over 50 baskets.

To ensure successful cultivation of groundnut fields in the township, prevent pest and disease infestations, and keep fields free of weeds, staff from the Township Department of Agriculture conducted field inspections and recorded monitoring data.

**SK**

# Htigyaing Township completes harvest of sesame plantations

HTIGYAING March 29

All sown acreage of sesame planted in cold season were harvested in Htigyaing Township of Sagaing Region, according to the Township Agriculture Department.

In Htigyaing Township, a total of 8,088 acres of sesame were cultivated during the winter cropping season. Harvesting of the cultivated sesame fields began in January this year, and to date, 100 percent of the sown acreage has been harvested, with an average yield of 13.45 baskets per acre.

"During the winter cropping season in Htigyaing Township, 8,088 acres of sesame were planted. At present, harvesting has been completed on all acres. Sesame cultivation has been increasing year by year. Sesame is mainly cultivated during the winter season rather than the monsoon season. As an edible oil crop, it is in a successful condition," said U Ko Ko Aung, Head of the Township Department of Agriculture.

In Htigyaing Township, the Township Department of Agriculture provided awareness to sesame growers on expanding sesame cultivation, applying proper cultivation techniques, adopting Good Agricultural Practices (GAP), using quality and pure seeds, and selecting high-yielding varieties.

Crops produced under the GAP system are of higher quality than those grown under other cultivation methods, fetch better prices, and can be marketed not only domestically but also exported to



foreign markets. As a result, farmers cultivating under the GAP system can gain greater economic benefits and improve their socio-economic conditions.

**SK**

# Iran claims destruction of US spy plane

TEHRAN March 29

A key US Air Force E-3 Sentry AWACS command and control aircraft has been “100 percent destroyed” in an Iranian missile and drone strike on the Prince Sultan Air Base in Saudi Arabia, the Islamic Revolutionary Guard Corps (IRGC) has said.

The spy plane was hit along with several other US jets during Friday’s attack on the installation, located some 96 km (60 miles) southeast of Riyadh, the IRGC said in a statement on Sunday. The Saudi base was targeted “in response to hostile actions of the US terrorist army,” it read.

Up to six ballistic missiles and 29 UAVs were used, leaving at least 15 US troops wounded, including five in serious condition, according to AP.

Air & Space Forces Magazine, a US publication, reported the destruction of an AWACS aircraft at the Prince Sultan Air Base on Saturday, citing people familiar with the matter.

The same day, OSINTdefender, an open-source intelligence monitor, published photos on X it claimed captured the damage done to the spy plane.

It appeared to have been struck in its rear section where its distinctive rotating radar dome is located.

Meanwhile, Iranian broadcaster PressTV released satellite images purporting to show the destruction of several planes at the Saudi base.

US Central Command declined to comment on the loss of an E-3 when approached by the media. Open-source flight tracking data suggests that at least six such planes have been stationed at the Prince Sultan Air Base, which has been targeted by Iran three times in the last week.




Boeing produced around 70 E-3 Sentry aircraft between 1977 and 1992, with 16 of them reportedly still in service with the US Air Force. The planes are designed to provide all-weather surveillance, command, control and communications, and – despite their age – remain crucial for American military operations. **RT**

# Libya calls for international investigation into attack on Russian gas tanker

BENGHAZI March 29

International organizations should investigate the attack on a Russian gas tanker in the Mediterranean off Libya’s coast, Adel Abdelkafi, national security adviser to the Libyan Supreme State Council (SSC), told Sputnik.

The Russian Ministry of Transport said on March 3 that the Russian gas tanker Arctic Metagaz had been attacked by unmanned Ukrainian boats off the coast of Libya, in close proximity to Malta's territorial waters in the Mediterranean Sea.

"This issue [the attack on the gas tanker] requires the attention of relevant international bodies or organizations with experience in resolving such incidents, in order to prevent negative consequences for the Libyan coast, Libyan territory, and its citizens," Abdelkafi said.

He emphasized that, along with international organizations, the attention of Mediterranean coastal states was also crucial to preventing such attacks, protecting the marine environment, and ensuring the security of these countries.

**Sputnik**

# Millions protest U.S. immigration policies, war with Iran in 3rd wave of “No Kings” nationwide rallies




NEW YORK March 29

Millions of Americans took to the streets Saturday in the third wave of "No Kings" rallies across the United States, protesting policies of the U.S. administration, ranging from military action in Iran to controversial immigration enforcement.

Over 3,100 demonstrations were planned nationwide and staged in major U.S. cities such as Washington D.C., New York, Boston, Los Angeles and San Francisco. U.S. media reports projected the protests involved some 900,000 people, making it the largest single-day protest event on record.

"No Kings" organizers said that the previous two rounds of peaceful rallies drew more than 5 million people in June and 7 million in October 2025.

On Saturday, the flagship rally was held at the Minnesota state Capitol in Saint Paul, where nearly 100,000 people participated despite chilly weather, organizers said. The State Patrol confirmed at least 50,000 participants.

The protests were mainly against the U.S. military action in Iran, the January deaths of two U.S. citizens involving U.S. Immigration and Customs Enforcement (ICE) agents in Minneapolis, and what the organizers described as the excessive power of the Donald Trump administration, according to organizers.

Organizing groups included Indivisible, MoveOn, the American Civil Liberties Union, and the American Federation of Labor and Congress of Industrial Organizations.

The Indivisible non-profit's co-executive director, Leah Greenberg, said Friday on the broadcast program Democracy Now! that Minnesota represented "the occupation of an American city, the unleashing of a reign of terror and racial profiling, that was pushed back by organized, nonviolent, disciplined people power." **Xinhua**

# 14 killed, 23 injured in drone strike on S. Sudan

KHARTOUM March 29

At least 14 people were killed and 23 others injured in a drone strike by the paramilitary Rapid Support Forces (RSF) and an allied movement on the city of Dilling in southern Sudan's South Kordofan State, according to volunteers and eyewitnesses on Sunday.

The Sudan Doctors Network, a volunteer group, said the victims included five children and two women, while seven children were among the injured, adding that the attack was carried out by the RSF and the Sudan People's Liberation Movement-North on Saturday evening.

The attacks happened "as the city has been subjected to intense shelling for the second consecutive day amid severe shortages of medical staff and supplies," the volunteer group said.

Meanwhile, the Sudanese Armed Forces (SAF) said they repelled an RSF attack on the city on Saturday. In a statement, it said its forces engaged in "fierce" battles, destroying 36 combat vehicles and seizing four others. The SAF announced on January 26 that it had entered Dilling, South Kordofan's second-largest city, after a siege of over two years.

The RSF has not commented on the developments yet.

The Kordofan region has recently seen intensified military operations, including increased drone strikes and shelling, causing civilian casualties and worsening the humanitarian situation.

The developments came amid the ongoing conflict between the SAF and the RSF since mid-April 2023, which has killed tens of thousands and displaced millions inside Sudan and abroad, according to international estimates. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The health benefits of prunes revealed... and how they could be a key weapon in the fight against cancer



Prunes are – rather unglamorously – best known for helping relieve constipation.

The dried plums, often eaten on their own or with cereal or muesli, contain fibre and a natural sugar alcohol called sorbitol, which together help keep the bowels moving.

But experts say their 'nature's laxative' reputation has unfairly overshadowed their wider health benefits.

Despite being packed with vitamins, minerals and antioxidants that may help protect against diseases of ageing, prunes remain overlooked – ranked just 46th among the UK's favourite fruits in a recent YouGov poll, behind dried dates, apricots and figs.

According to Hanieh Vidmar, a nutritional therapist and chef, they may be particularly valuable for women's health.

She said: 'Prunes are nutrient-dense and should get much more credit than helping people go to the bathroom.

'They're surprisingly great for bone health – especially for women – and act as a mild prebiotic which feeds the good gut bacteria. This means they support the gut health long-term not just for quick relief.'

So what do prunes actually offer nutritionally – and how should we eat them to get the most out of them?

**What are prunes exactly?**

Prunes are simply dried plums, usually from European varieties selected for their naturally high sugar content, which allows them to be dried without fermenting.

Plum trees take four to six years to mature, blossom in early spring and are harvested in late summer, when the fruit is dark, plump and sweet. Once picked, the plums are washed, dehydrated and pitted, creating the soft, chewy texture we recognise.

While around 40 percent of the world's prunes come from California, Britain has its own long-standing varieties, including the Aylesbury Prune and the Shropshire Prune, a type of damson cultivated for centuries.

Available year-round in supermarkets – typically for under £3 for a 250g pack – prunes are sold pitted, ready to eat or as juice, offering an easy and inexpensive way to boost fibre, vitamins and minerals.

Nutritionally, they pack a surprising punch. Four to five prunes provide around 280mg of potassium – about 12 percent of your daily needs – alongside Vitamin K, soluble fibre and antioxidant compounds.

Potassium helps regulate nerve function and muscle contractions, while Vitamin K is essential for blood clotting and bone health. Prunes also contain copper, which supports red blood cell production and immunity, and small amounts of Vitamin C, which helps protect cells and improves iron absorption.

A typical handful of five prunes contains around 104 calories, 1g of protein, no fat, 28g of carbohydrates, 3g of fibre and 17g of natural sugars.

**Do prunes help with constipation?**

Prunes' best-known benefit is their ability to keep digestion running smoothly.

Their high fibre content, combined with a natural sugar called sorbitol, helps draw water into the bowel and soften stools – giving them their gentle laxative effect.

Ms Vidmar said: 'Sorbitol is a natural compound in prunes that draws water into the bowel, making them one of the most effective natural remedies for constipation.'

Studies suggest eating eight to 12 prunes a day (around 50-100g) can ease mild to moderate constipation, in some cases outperforming commercial fibre supplements.

Prune juice can have a similar effect, though experts advise sticking to a small glass a day to avoid excess sugar and calories.

Ms Vidmar recommends a simple daily ritual: 'I like to add three to five prunes to hot water and drink it like tea. Then, when I've drunk the tea, I eat the prunes. It's a great way to support digestion and boost daily fibre intake.

**Can prunes reduce cancer risk?**

While current evidence is limited and more human studies are needed, prunes may help reduce the risk of certain cancers, particularly bowel cancer.

This potential benefit is largely attributed to their high fibre and phenolic compound content, which promotes a healthy gut environment and provides antioxidant effects.

Prunes can promote the retention of beneficial bacteria and microbial metabolism throughout the colon, which is associated with a reduced incidence of precancerous lesions (aberrant crypt foci) in animal studies.

A healthy gut environment is a known factor in protecting against bowel cancer which is particularly important as those under 49 today are around 50 per cent more likely to develop bowel cancer than people of the same age in the early 1990s.

Prunes contain phenolic compounds that act as antioxidants. These compounds help to neutralise free radicals, which are unstable molecules that can damage DNA and cells, contributing to cancer development.

**Why don't young people eat prunes?**

'Prunes have long been associated with older generations, often seen as a remedy for constipation,' says Ms Vidmar.

'I think that's mainly down to how they've been marketed historically. They've always been positioned as a food for older people with digestive issues, rather than as a functional, everyday food.

'Yet most of us aren't getting enough fibre – over 90 percent of people fall short of the recommended 30 grams a day.

'Prunes are a simple, natural way to boost fibre intake. Yet their old–fashioned reputation – and the association with bowel movements – puts many people off.'

**Is it safe to eat prunes every day?**

According to Ms Vidmar, eating prunes every day is healthy and is unlikely to cause any problems.

'I'd recommend eating between three and five for general support and additional fibre intake,' she says.

'However, if you regularly eat more than 10 per day, you can start getting bloating or loose stools – this is because of the sorbitol content.

'The best thing to do would be to pair prunes with proteins or fats to balance blood sugar, for example, yoghurt, nuts, porridge and seeds.

'Always stay well hydrated when eating prunes as part of a healthy, balanced diet to ensure the fibre does its thing. On their own is fine but pairing keeps energy more stable.'

**Mail Online**

# အရှေ့အလယ်ပိုင်းပဋိပက္ခဝဲဂယက်ထဲက ပင်လယ်နီရဲ့ကံကြမ္မာ



ဒီနေ့ခေတ် ကမ္ဘာ့ဇာတ်ခုံကိုကြည့်လိုက်ရင် အရှေ့အလယ်ပိုင်းဒေသဟာ မီးတောင်တစ်ခုလိုမျိုး အမြဲတမ်းဆူပွက်နေတာတွေ့ရမှာပါ။ ဒီဒေသမှာဖြစ်ပျက်သမျှဂယက်တွေဟာ ကမ္ဘာ့တိုက်ကြီးအားလုံးကို အရှိန်အဟုန်နဲ့ ကူးစက်နေတာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် အင်အားကြီးနိုင်ငံတွေရဲ့ အကျိုးစီးပွားပြိုင်ဆိုင်မှုတွေ၊ ဘာသာရေးနဲ့ လူမျိုးရေး အခြေခံတဲ့ပဋိပက္ခတွေဟာ ဒေသတွင်းတည်ငြိမ်မှုကို သာမကဘဲ ကမ္ဘာ့စီးပွားရေးရဲ့ အသက်သွေးကြောတွေကိုပါ တော်တော်လေးခြိမ်းခြောက်လာနေပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ပင်လယ်နီဟာ ရိုးရိုးရေလမ်းကြောင်းတစ်ခုအဆင့်ကနေ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ အချင်းချင်းအားပြိုင်တဲ့ ဗျူဟာမြောက်စစ်တလင်းတစ်ခုဖြစ်လာခဲ့ပါပြီ။ အီရန်ရဲ့ နျူကလီးယားအရေးနဲ့ အမေရိကန်ရဲ့ဒေသတွင်းမှာစွက်ဖက်မှုတွေကြောင့် တင်းမာမှုတွေမြင့်တက်လာတာဟာ ပင်လယ်နီတစ်လျှောက်က ကုန်သွယ်မှုလုံခြုံရေးကိုပါ မေးခွန်းထုတ်စရာဖြစ်လာစေပါတယ်။

အီရန်ရဲ့နျူကလီးယားကိစ္စနဲ့ ဒေသတွင်းအာဏာပြိုင်ဆိုင်မှုတွေက တော်တော်လေးကို ဟိုးဟိုးကျော်နေတာ အားလုံးအသိပါပဲ။ သို့ပေမယ့် ဒီပြဿနာဟာ အီရန်နဲ့ သူ့ပတ်ဝန်းကျင်တင်မကဘဲ တစ်ကမ္ဘာလုံးရဲ့ ကုန်သွယ်ရေးနဲ့ စွမ်းအင်စီးဆင်းမှုပထဝီဝင်အနေအထားကိုပါ လုံးဝပြောင်းလဲပစ်လိုက်ပါတယ်။

အထူးသဖြင့် အာဖရိကတိုက်အတွက်ဆိုရင် အဲဒီဂယက်က တော်တော်လေးကို ရိုက်ခတ်မှုပြင်းထန်နိုင်ပါတယ်။ ပင်လယ်နီတစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေကြားက ပြိုင်ဆိုင်မှုတွေကို ပိုမိုဆိုးဝါးလာစေသလို အာဖရိကနိုင်ငံတွေအနေနဲ့လည်း စီးပွားရေးအရရော၊ နိုင်ငံရေးအရပါ ဖိအားတွေအများကြီးနဲ့ ရင်ဆိုင်လာရနိုင်ခြေရှိနေပါတယ်။ ရေနံဈေးတွေတက်လာတာ၊ ကုန်သွယ်မှုလမ်းကြောင်းတွေ ပိတ်ဆို့တာနဲ့ သင်္ဘောတင်ခတွေ ကြီးမြင့်လာတာမျိုးတွေဟာ အာဖရိကအတွက်တော့ သူတို့နယ်နိမိတ်ပြင်ပကနေစတင်တဲ့ ပြဿနာရဲ့ အကျိုးဆက်တွေကို ခံစားရတာဖြစ်တယ်လို့ဆိုချင်ပါတယ်။

ဒီနေရာမှာ အာဖရိကအတွက် အရေးအကြီးဆုံးပြောင်းလဲမှုက ပင်လယ်နီရဲ့ အခန်းကဏ္ဍ ပြန်ပြီးတော့ အရေးပါလာတာပါပဲ။ အီရန်နိုင်ငံက ကမ္ဘာ့ရေနံပို့ဆောင်ရေးမှာအဓိကကျတဲ့ ဟော်မုရေလက်ကြားကို ထိရောက်စွာထိန်းချုပ်ထားနိုင်တဲ့အခါမှာ လူတွေရဲ့ အကြည့်က အနောက်ဘက်က ပင်လယ်နီနဲ့ ဘပ်အယ်မန်ဒက် (Bab el-Mandeb) ရေလက်ကြားဆီကို ရောက်လာပါတယ်။

ဒီလမ်းကြောင်းတွေက ကမ္ဘာ့သင်္ဘောလိုင်းတွေအတွက် မရှိမဖြစ်စကြိုလမ်းတွေဖြစ်လာတာပါ။ မကြာသေးခင်ကပဲ အမေရိကန်က သတိပေးချက်တစ်ခုကို ထုတ်ပြန်ခဲ့ပါသေးတယ်။ အဲဒါကတော့ အီရန်နိုင်ငံက ကမ္ဘာ့သင်္ဘောလိုင်းတွေကိုပိတ်ဆို့ဖို့ ကြိုးစားလာနိုင်တာကြောင့် ဟူသီအဖွဲ့တွေကလည်း ဘပ်အယ်မန်ဒက်ရေလက်ကြားမှာရှိတဲ့သင်္ဘောတွေကို စတင်ပစ်ခတ်လာနိုင်တယ်ဆိုတဲ့အချက်ပါပဲ။ အထူးသဖြင့် ထရမ့်အစိုးရက ဒေသတွင်းကို တပ်ဖွဲ့တွေစေလွှတ်လိုက်တဲ့အပေါ် အီရန်ကလည်း စစ်မျက်နှာအသစ်ဖွင့်မယ်ဆိုပြီး တုံ့ပြန်လာတဲ့အတွက် အခြေအနေပိုပြီးတော့တင်းမာလာတာပါ။

ဟူသီအဖွဲ့ခေါင်းဆောင် အဗ္ဗဒူမာလစ်အယ်ဟူသီကိုယ်တိုင်ကလည်း စစ်ရေးအခြေအနေအပေါ် မူတည်ပြီး သူတို့ပါဝင်လာနိုင်တယ်လို့ ပြောထားပါတယ်။ သူတို့အနေနဲ့ အမေရိကန်နဲ့အစ္စရေးကိုတိုက်ခိုက်တဲ့နေရာမှာ ဘယ်တုန်းကမှဝန်မလေးခဲ့ဘူးလို့လည်း ဆိုပါတယ်။ အခုဆိုရင် ဟူသီအဖွဲ့တွေက သူတို့ပြောစကားကိုသက်သေပြတဲ့အနေနဲ့ အစ္စရေးနိုင်ငံကို ဒုံးကျည်တွေနဲ့ပစ်ခတ်တိုက်ခိုက်မှုလုပ်ဆောင်ခြင်းအားဖြင့် အီရန်စစ်ပွဲထဲကို တရားဝင်ပါဝင်လာတာတွေ့ရပါတယ်။

ဒီတော့ ပင်လယ်နီအဝင်ဝမှာရှိတဲ့ ဘပ်အယ်မန်ဒက်ရေလက်ကြားဟာ အရမ်းကိုအရေးပါလာပါပြီ။ ဆော်ဒီအာရေဗျကလည်း ဟော်မုရေလက်ကြားကို အီရန်ကဆက်ပြီးပိတ်ထားမယ်ဆိုရင် သူ့ရဲ့ရေနံတွေကို ပိုက်လိုင်းကနေတစ်ဆင့် အနောက်ဘက်က ရန်ဘူးဆိပ်ကမ်းကိုပို့ပြီး ပင်လယ်နီကနေတစ်ဆင့် တင်ပို့ဖို့ ကြိုးစားနေတာပါ။ ဒီလမ်းကြောင်းဟာ ဟော်မုရေလက်ကြားလောက်တော့ရေနံပမာဏအများကြီးကို မတင်ပို့နိုင်ပေမယ့် မဟာဗျူဟာအရတော့ အလွန်ကိုပဲ အရေးကြီးသွားပြီဖြစ်လို့ ဒီလမ်းကြောင်းကိုထိန်းချုပ်နိုင်ဖို့ ပြိုင်ဆိုင်မှုတွေကလည်း ပိုပြင်းထန်လာတော့မှာ ဖြစ်ပါတယ်။

တကယ်တမ်းပြန်ကြည့်ရင် ပင်လယ်နီဆိုတာ အခုဖြစ်နေတဲ့အကျပ်အတည်း မတိုင်ခင်ကတည်းက နိုင်ငံကြီးတွေ အပြိုင်အဆိုင်ဩဇာလွှမ်းမိုးနိုင်ဖို့ ကြိုးစားနေတဲ့နေရာတစ်ခုပါ။ ဆော်ဒီအာရေဗျနိုင်ငံနဲ့ အာရပ်စော်ဘွားများပြည်ထောင်စု (UAE) တို့ကြားမှာတောင် ပြိုင်ဆိုင်မှုတွေရှိနေတာပါ။ အရင်ကတော့ သူတို့နှစ်နိုင်ငံဟာ အာဖရိကဦးချိုဒေသမှာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပေမယ့် နောက်ပိုင်းမှာတော့ လမ်းစဉ်တွေကွဲပြားလာပါတယ်။

ဆော်ဒီက ဂျီဘူတီလိုနိုင်ငံမျိုးမှာ စီးပွားရေးအရ အာရုံစိုက်နေချိန်မှာ UAE က ဆူဒန်၊ အီသီယိုးပီးယားနဲ့ယူဂန်ဒါတို့မှာ ဆော်ဒီထက် သုံးဆလောက်ပိုများတဲ့ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီး ခြေကုပ်ယူလာပါတယ်။ UAE ရဲ့ အဓိကနည်းဗျူဟာကတော့ ဒူဘိုင်းအခြေစိုက် DP World လိုကုမ္ပဏီကြီးတွေဦးဆောင်တဲ့ “ဆိပ်ကမ်းသံတမန်ရေး” ပါပဲ။ ဒါပေမဲ့ ဂျီဘူတီနဲ့ DP World တို့ကြားက ဆိပ်ကမ်းလုပ်ကိုင်ခွင့် အငြင်းပွားမှုမှာတော့ UAE အနေနဲ့ အတားအဆီးအချို့နဲ့ ရင်ဆိုင်နေရပါတယ်။

ပင်လယ်နီရဲ့ အရေးပါမှုကို ပိုပြီးတော့သိသာစေတာက အဲဒီကမ်းခြေတစ်လျှောက်မှာရှိတဲ့ စစ်အခြေစိုက်စခန်းတွေပါပဲ။ အီဂျစ်၊ အီရီထရီးယား၊ ဂျီဘူတီနဲ့ ဆူဒန်တို့ရဲ့ ဆိပ်ကမ်းတွေဟာ နိုင်ငံခြားတပ်ဖွဲ့တွေ အခြေစိုက်ဖို့ အပြိုင်အဆိုင်ကြိုးစားကြတဲ့နေရာတွေ ဖြစ်လာပါတယ်။ ဂျီဘူတီ တစ်နိုင်ငံတည်းမှာတင် အမေရိကန်၊ ပြင်သစ်၊ ဂျပန်နဲ့ တရုတ်တို့ရဲ့ ရေတပ်စခန်းတွေရှိနေတာပါ။

နောက်ထပ်ထူးခြားတာက ၂၀၂၅ ခုနှစ်ကုန်ပိုင်းမှာ အစ္စရေးက ဆိုမာလီလန်းကို အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် လက်တွေ့အရ အသိအမှတ်ပြုလိုက်တာပါပဲ။ ဒါဟာ လူသားချင်းစာနာမှုထက် ရေကြောင်းလုံခြုံရေးအတွက် ပိုပြီးတော့ရည်ရွယ်ထားပုံရပါတယ်။ အစ္စရေးအနေနဲ့ သူ့ရဲ့ကုန်သွယ်ရေးသင်္ဘောတွေ ဘေးကင်းဖို့အတွက် ဒီဒေသမှာ ခြေကုပ်နေရာရယူချင်တာပါ။ ဘာဘာရာဆိပ်ကမ်းအနီးမှာ အစ္စရေးက စစ်စခန်းဆောက်မယ်ဆိုတဲ့ သတင်းတွေကလည်း ဒေသတွင်းတင်းမာမှုကို မီးလောင်ရာလေပင့်ပိုဖြစ်စေနိုင်ပါတယ်။

နောက်ထပ်စိုးရိမ်စရာတစ်ခုက အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့တွေရဲ့ အခန်းကဏ္ဍပါပဲ။ ဟူသီအဖွဲ့ဆိုရင် အီရန်ဆီကနေ အကူအညီတွေမြောက်မြားစွာရထားသလို အခု အီရန်ဦးဆောင်အသစ်ရဲ့ ထောက်ခံမှုလည်းရရှိထားပါတယ်။ သူတို့မှာ သင်္ဘောတွေကိုအနှောင့်အယှက်ပေးနိုင်တဲ့ ဒရုန်းတွေ၊ မိုင်းတွေနဲ့ သင်္ဘောဖျက်ဒုံးကျည်တွေ ရှိနေပါတယ်။

ဒါတင်မကသေးဘဲ ဟူသီတွေနဲ့ ဆိုမာလီမှာရှိတဲ့ အယ်ရှာဘတ်အဖွဲ့တွေ ပူးပေါင်းလာနိုင်တယ်ဆိုတဲ့ သတင်းကလည်း ရေကြောင်းကုန်သွယ်ရေးအတွက် အကြီးအကျယ်ခြိမ်းခြောက်မှု ဖြစ်လာနိုင်ပါတယ်။ ဒီအဖွဲ့နှစ်ခုဟာ လက်နက်မှောင်ခိုတာနဲ့ သင်တန်းပေးတာတွေမှာ ပူးပေါင်းနေတယ်လို့သိရပါတယ်။ အကယ်၍ သူတို့အနေနဲ့ အေဒင်ပင်လယ်ကွေ့မှာ ပင်လယ်ဓားပြလုပ်ငန်းတွေကို ပိုပြီးတော့ချဲ့ထွင်လာရင် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်တွေက လုံးဝကိုကမောက်ကမဖြစ်သွားနိုင်ပါတယ်။

ရှေ့ဆက်ပြီး ဘာတွေဖြစ်လာနိုင်မလဲဆိုတာ ကြည့်ရင်တော့ အခြေအနေနှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့ အခြေအနေတွေပိုဆိုးလာပြီး ပင်လယ်ကွေ့နဲ့ ပင်လယ်နီတစ်လျှောက်မှာ စစ်မျက်နှာတွေ အများကြီးပွင့်လာတာမျိုးပါ။ ဒါဆိုရင်တော့ ရေနံစီးဆင်းမှုနဲ့ ရေကြောင်းသွားလာမှုတွေအပေါ် ပြင်းထန်စွာအနှောင့်အယှက်ဖြစ်သွားနိုင်ပါတယ်။ ဒုတိယတစ်ခုကတော့ နိုင်ငံကြီးတွေက သူတို့ကြားမှာပြိုင်ဆိုင်မှုတွေရှိပေမယ့်လည်း ရေကြောင်းကုန်သွယ်မှုမပြတ်တောက်သွားအောင် လက်တွေ့ကျကျပူးပေါင်းဆောင်ရွက်ကြတာမျိုးပါ။ ဒါပေမဲ့ ဘယ်လမ်းကြောင်းကိုပဲသွားသွား ပင်လယ်နီဒေသကတော့ အရင်လိုပြန်ပြီးငြိမ်သက်သွားဖို့မလွယ်တော့ပါဘူး။ အီရန်အကျပ်အတည်းက ပင်လယ်နီကို ကမ္ဘာ့ကုန်သွယ်ရေးနဲ့ မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုရဲ့ ဗဟိုချက်တစ်ခုအဖြစ်ဆီသို့ အလိုအလျောက်တွန်းပို့လိုက်သလိုဖြစ်သွားပါပြီ။

နိဂုံးချုပ်အနေနဲ့ပြောရရင် ပင်လယ်နီဟာ ကမ္ဘာ့စီးပွားရေးလည်ပတ်မှုမှာ အစားထိုးလို့မရတဲ့ပင်မသွေးကြောကြီးတစ်ခုဖြစ်ပေမယ့် အခုအဲဒီသွေးကြောထဲမှာ ပထဝီနိုင်ငံရေးအဆိပ်တွေစိမ့်ဝင်လာနေပါပြီ။ အင်အားကြီးနိုင်ငံတွေက သူတို့ကိုယ်ကျိုးအတွက် အားပြိုင်နေကြတာကြောင့် အာဖရိကနဲ့ ဒေသတွင်းနိုင်ငံငယ်လေးတွေဟာ မလိုလားအပ်တဲ့ဒဏ်ရာဒဏ်ချက်တွေကို ခံစားနေရပါတယ်။

နောင်အနာဂတ်မှာ ပင်လယ်နီရဲ့လုံခြုံရေးက နိုင်ငံတစ်နိုင်ငံချင်းစီရဲ့အကျိုးစီးပွားထက် နိုင်ငံတကာမိသားစုဝင်အားလုံးရဲ့ စုပေါင်းတာဝန်ယူမှုအပေါ်မှာ ပိုပြီးမူတည်လာပါလိမ့်မယ်။ အကယ်၍ ထိရောက်တဲ့ သံတမန်ရေးရာညှိနှိုင်းမှုတွေမလုပ်နိုင်ဘဲ လက်နက်ကိုင်အဖွဲ့တွေရဲ့ ခြိမ်းခြောက်မှုကို မထိန်းချုပ်နိုင်ဘူးဆိုရင် ပင်လယ်နီဟာ ကုန်သွယ်မှုလမ်းကြောင်းတစ်ခုအဖြစ်ကနေ စစ်မီးတောက်တွေအရှိန်ကောင်းတဲ့ နေရာတစ်ခုအဖြစ် လုံးလုံးလျားလျားကူးပြောင်းသွားနိုင်ပါတယ်။

တကယ်တော့ ပင်လယ်နီရဲ့ အနာဂတ်ဟာ ဒေသတွင်း ပထဝီနိုင်ငံရေးကစားကွက်တွေကြား ဓားစာခံဖြစ်နေရသလိုပါပဲ။ အခုဖြစ်နေတဲ့အကျပ်အတည်းမှ စတင်လိုက်တဲ့ဂယက်တွေဟာ ရေလှိုင်းတွေလိုမျိုးပဲ ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို လာရောက်ရိုက်ခတ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ပင်လယ်နီရဲ့ ကံကြမ္မာဟာ အခုဖြစ်နေတဲ့ အီရန်အကျပ်အတည်းရဲ့ အနိမ့်အမြင့်ပေါ်မှာတင်မကဘဲ နိုင်ငံတကာအသိုင်းအဝိုင်းက ဘယ်လိုနည်းဗျူဟာတွေနဲ့တုံ့ပြန်မလဲဆိုတဲ့ အချက်အပေါ်မှာလည်း အများကြီးမူတည်နေပါတယ်။ ငြိမ်းချမ်းတဲ့ရေလမ်းကြောင်းဖြစ်လာမလား ဒါမှမဟုတ် မုန်တိုင်းထန်တဲ့ပဋိပက္ခနယ်မြေဖြစ်မလားဆိုတာကတော့ လာမယ့်နှစ်တွေအတွင်း အဖြေပေါ်လာမှာဖြစ်ပါတယ်။

**Ref: RT**

**ထက်မြတ်**

## အာကာသစခန်းမှ အရေးပေါ်ပြန်ခေါ်ရသည့် အာကာသယာဉ်မှူး၏ စကားမပြောနိုင်မှုမှာ ပဟေဠိဖြစ်နေ

**ဝါရှင်တန်၊ အာကာသ**

နိုင်ငံတကာအာကာသစခန်း (ISS) တွင် တာဝန်ထမ်းဆောင်စဉ် ရှင်းပြ၍မရသော အကြောင်းရင်းဖြင့် စကားမပြောနိုင်သည့်အတွက် ကမ္ဘာမြေသို့ အရေးပေါ်ပြန်လည်ခေါ်ယူခဲ့ရသည့်ဖြစ်စဉ်အပေါ် ဆရာဝန်များအနေဖြင့် ယခုထက်ထိအဖြေရှာမရသေးဘဲ ပဟေဠိဖြစ်နေကြောင်း သိရသည်။

NASA အာကာသယာဉ်မှူး မိုက်ကယ်ဖင်ကီက ၎င်းသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေဖြင့်ရင်ဆိုင်ကြုံတွေ့ရကြောင်း၊ ၎င်းသည် SpaceX ၏ Crew Dragon ယာဉ်ဖြင့် ပြီးခဲ့သည့်နှစ်ဩဂုတ်လတွင် အာကာသစခန်းသို့ရောက်ရှိပြီးရက်ပေါင်း ၁၆၇ ရက်ကြာ နေထိုင်ခဲ့သူဖြစ်ကြောင်းပြောသည်။

မူလက ဖေဖော်ဝါရီလတွင်မှ မစ်ရှင်ပြီးဆုံးရန် သတ်မှတ်ထားသော်လည်း အာကာသစခန်းတွင် စကားမပြောနိုင်သည့် အရေးပေါ်အခြေအနေကြောင့် ဇန်နဝါရီလ ၁၅ ရက်တွင် ကမ္ဘာမြေသို့ပြန်လည်ခေါ်ဆောင်ခြင်းခံရပြီး အချိန်မည်မျှကြာအောင် စကားမပြောနိုင်သည် သို့မဟုတ် မည်သည့်အချိန်တွင် စကားပြန်ပြောနိုင်သည်ကို ရှင်းလင်းစွာမသိရသေးကြောင်း ၎င်းက ပြောထားသည်ဟုသိရသည်။ **Ref: ST**

## ကမ္ဘောဒီးယားတွင် ဒီဇယ်နှင့် ဓာတ်ငွေ့ဈေးနှုန်းများ ထပ်မံမြင့်တက်

**ဖနွမ်းပင်၊ စွမ်းအင်**

အရှေ့အလယ်ပိုင်းပဋိပက္ခ၏ ရိုက်ခတ်မှုကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် အခြေခံဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသော်လည်း ဒီဇယ်နှင့် ဓာတ်ငွေ့ဈေးနှုန်းများမှာ ထပ်မံမြင့်တက်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတ်လ ၂၉ ရက်တွင် ထုတ်ပြန်သည်။

ပုံမှန်ဓာတ်ဆီတစ်လီတာလျှင် ၅၀၀၀ ရီယယ်သို့ ၈ ဒသမ ၂ ရာခိုင်နှုန်းခန့် ဈေးနှုန်းကျသွားသော်လည်း ဒီဇယ်တစ်လီတာလျှင် ၇၂၀၀ ရီယယ်အထိ ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်။ ထို့ပြင် ရေနံဓာတ်ငွေ့အရည်ဈေးနှုန်းမှာလည်း တစ်လီတာလျှင် ၃၄၀၀ ရီယယ်သို့ ၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဈေးနှုန်းပြောင်းလဲမှုသည် နောက်ထပ်အကြောင်းကြားစာ မထုတ်ပြန်မီအထိအတည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: Xinhua**

## အမေရိကန်ခြေလျင်တပ်ဖွဲ့ဝင်များ မီးလောင်တိုက်သွင်းခံရမည်ဟု အီရန်သတိပေး






**တီဟီရန်၊ စစ်ရေး**

အမေရိကန်နိုင်ငံအနေဖြင့် မြေပြင်ကျူးကျော်မှုလုပ်ဆောင်လာပါက အမေရိကန်ခြေလျင်တပ်ဖွဲ့ဝင်များ မီးလောင်တိုက်သွင်းခံရမည်ဟု အီရန်အရာရှိများက သတိပေးလိုက်ကြောင်းသိရသည်။ ထို့ပြင် အမေရိကန်အနေဖြင့် လူသိရှင်ကြား ဆွေးနွေးမှုများပြုလုပ်ရန် အချက်ပြနေသော်လည်း တိုက်ခိုက်ရန် တိတ်တဆိတ်ပြင်ဆင်နေကြောင်း အီရန်လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက်ဘာဂါဂါလီဘတ်ကပြောသည်။

အီရန်၏ အစွလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC) က ဆော်ဒီအာရေဗျရှိ အယ်ခါလေတပ်စခန်းကို ဒုံးကျည်နှင့် ဒရုန်းများဖြင့်တိုက်ခိုက်ခဲ့ရာ အမေရိကန်၏ Boeing E-3 Sentry အမျိုးအစား ဝေဟင်ကြိုတင်သတိပေးရေး ထောက်လှမ်းရေးလေယာဉ်တစ်စင်း ပျက်စီးကြောင်း သိရသည်။ ထိုတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်အနည်းဆုံး ၁၂ ဦးဒဏ်ရာရရှိပြီး ဒေါ်လာ သန်း၂၇၀ တန်ဖိုးရှိ လေယာဉ်တစ်စင်းပျက်စီးကြောင်း သတင်းများထွက်ပေါ်နေသော်လည်း ပင်တဂွန်စစ်ဌာနချုပ်ကအတည်ပြုခြင်းမရှိသေးပေ။

ထို့ပြင် အနောက်အာရှဒေသရှိ အမေရိကန်-အစ္စရေးတို့နှင့် ပတ်သက်ဆက်နွှယ်နေသောတက္ကသိုလ်များကို ပစ်မှတ်ထားတိုက်ခိုက်မည်ဟု IRGC ကသတိပေးလိုက်သည်။ အီရန်ရှိ တက္ကသိုလ်များကို အစ္စရေးကတိုက်ခိုက်ခြင်းနှင့်ပတ်သက်၍ အမေရိကန်အနေဖြင့် မတ်လ ၃၀ ရက် မွန်းတည့် ၁၂ နာရီမတိုင်မီ အစ္စရေးကို တရားဝင်ရှုတ်ချရန်နှင့် သို့မဟုတ်ပါက ဒေသတွင်းရှိ တက္ကသိုလ်များကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း IRGC က သတိပေးထားခြင်းဖြစ်သည်။ **Ref: RT**

## တောင်ကိုရီးယားတွင် ကလေးငယ်များအတွက် လူမှုကွန်ရက် အယ်လဂိုရီသမ်များကို ကန့်သတ်မည်

**ဆိုး၊ ပြည်တွင်းရေး**

ကလေးငယ်များအပေါ် ဒစ်ဂျစ်တယ်အကြောင်းအရာများ လွှမ်းမိုးလာမှုနှင့် ပတ်သက်၍ စိုးရိမ်မှုများမြင့်တက်လာသဖြင့် တောင်ကိုရီးယားလွှတ်တော်အမတ်များသည် ကလေးငယ်များအတွက် အယ်လဂိုရီသမ်ဖြင့်ဖော်ပြသော အကြောင်းအရာကို ကန့်သတ်နိုင်ရန်ကြိုးပမ်းနေကြောင်း သိရသည်။

အာဏာရဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ် လီယွန်ဟီးနှင့် ကိုရီးယားပြန်လည်တည်ဆောက်ရေးပါတီမှ ဟွမ်အွန်ဟာတို့က အရွယ်မရောက်သေးသူများနှင့် ပတ်သက်၍ လူမှုကွန်ရက်ပေါ်ရှိ AI အယ်လဂိုရီသမ်သုံး ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြံပြုချက်စနစ်များကိုကန့်သတ်ရန် ဥပဒေကြမ်းများ တင်သွင်းခြင်းဖြစ်သည်။ ထိုဥပဒေကြမ်းများတွင် အသက် ၁၉ နှစ်အောက် အသုံးပြုသူများအတွက် မိဘ၏ခွင့်ပြုချက်မရှိဘဲ အယ်လဂိုရီသမ်ဖြင့် ရွေးချယ်ထားသော အကြောင်းအရာများကို ကန့်သတ်ရန်ပါဝင်ကြောင်းသိရသည်။ **Ref: ST**

## အမေရိကန်က အီရန်တွင် ရက်သတ္တပတ်ကြာ မြေပြင်စစ်ဆင်ရေးပြုလုပ်ရန် စီမံချက်ရေးဆွဲထားဟုဆို



**ဝါရှင်တန်၊ စစ်ရေး**

တစ်လကြာစစ်ပွဲအတွင်း အီရန်ဘက်က ရှုံးနိမ့်နေပြီဖြစ်ကြောင်းနှင့် အမေရိကန်နှင့်ဆွေးနွေးမှုများလုပ်ဆောင်ရန် တောင်းဆိုနေပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောထားသော်လည်း အမေရိကန်စစ်မက်ရေးရာဝန်ကြီးဌာနက အီရန်နိုင်ငံအတွင်း ရက်သတ္တပတ်အနည်းငယ်ကြာ မြေပြင်စစ်ဆင်ရေးများပြုလုပ်ရန် စီစဉ်နေကြောင်း Washington Post သတင်းစာက ဖော်ပြထားသည်။

သို့သော် မည်သည့်မြေပြင်စစ်ဆင်ရေးမဆိုသည် ရွက်ကုန်ဖွင့်ကျူးကျော်မှုလုပ်သည့်ပုံစံမျိုးမဟုတ်ကြောင်း၊ အထူးတပ်ဖွဲ့များ၊ သမားရိုးကျခြေလျင်တပ်ဖွဲ့များဖြင့် အကန့်အသတ်ရှိသော ထိုးဖောက်တိုက်ခိုက်မှုသာ လုပ်ဆောင်မည်ဖြစ်ကြောင်း အမည်မဖော်လိုသူ စစ်ဘက်အရာရှိများက အဆိုပါသတင်းဌာနသို့ပြောသည်။

စစ်ဆင်ရေးအတွင်းပါဝင်လာနိုင်သော ရည်မှန်းချက်များမှာ အီရန်၏ရေနံတင်ပို့ရာ အချက်အချာနေရာဖြစ်သည့် ခါးကျွန်းကို သိမ်းပိုက်ခြင်း သို့မဟုတ် ကုန်သွယ်ရေးနှင့် စစ်လက်နက်ပစ္စည်းတင်ပို့ရေးအပေါ် ပစ်မှတ်ထားလာနိုင်သည့် လက်နက်များကို ဖျက်ဆီးရန် ဟော်မုရေလက်ကြားအနီးရှိ ကမ်းရိုးတန်းဒေသကို ထိုးဖောက်တိုက်ခိုက်ခြင်းတို့ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ လက်ရှိတွင် မည်သည့်စစ်ဆင်ရေးစီမံချက်ကိုမျှ ထရမ့်ကအတည်မပြုသေးကြောင်းသိရသည်။ **Ref: RT**

## လာအိုတွင် ရာသီဥတုပူပြင်းလာမှုအတွက် သတိပေးချက်ထုတ်ပြန်

**ဗီယန်ကျင်း၊ ရာသီဥတု**

လာအိုနိုင်ငံတစ်ဝန်းတွင် အလွန်အမင်းပူပြင်းသည့် ရာသီဥတုအခြေအနေနှင့် ရင်ဆိုင်ရနိုင်သောကြောင့် ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် တာဝန်ရှိသူများက မတ်လ ၂၉ ရက်တွင် သတိပေးချက်ထုတ်ပြန်လိုက်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံတစ်ဝန်း၌ပျမ်းမျှအပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနိုင်ကြောင်း တာဝန်ရှိသူများကပြောသည်။

နိုင်ငံအတွင်း အလယ်အလတ်မှ အားကောင်းသော လေဖိအားနည်းရပ်ဝန်းနှင့် အနောက်လေများ ဖြတ်သန်းတိုက်ခတ်နေသဖြင့် တစ်နေ့တာလုံး ပူပြင်းခြောက်သွေ့သည့်မြူများ ဖုံးလွှမ်းမည်ဖြစ်ကြောင်း လာအိုမိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ရာသီဥတုအလွန်ပူပြင်းမှုကြောင့် အပူလျှပ်ခြင်း၊ မီးဘေးအန္တရာယ်နှင့် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးများရှိလာနိုင်ကြောင်း တာဝန်ရှိသူများကသတိပေးထားသည်။

အလားတူ ပြည်သူများအနေဖြင့် ပြင်ပတွင် အချိန်ကြာမြင့်စွာ သွားလာလှုပ်ရှားခြင်းကို ကန့်သတ်ရန်၊ ရေဓာတ်ပြည့်ဝစွာနေထိုင်ရန်နှင့် ပြောင်းလဲလာမည့်ရာသီဥတုအခြေအနေများကို ဂရုပြုစောင့်ကြည့်ရန် မိုးလေဝသဌာနကအကြံပြုထားသည်။ **Ref: Xinhua**



# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိပ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တု ပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြု ရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

၇

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကိုလျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၆)

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာန

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

### အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။



၂

### အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

### သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

၄

### အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



### အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

### အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၅၉၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့ရှိ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၅၉၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို မတ်လ ၂၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်၊ တွံတေးခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ရွှေဆံတော်စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဧပြီလ ၁ ရက်တွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၏ စီစဉ်ကြီးကြပ်မှုဖြင့် နံနက် ၆ နာရီတွင် သံဃာတော် ၂၇ ပါးတို့က စေတီတော်မြတ်ကြီးအား ဘုရားအနေကဇာတင်လှူဒါန်းပူဇော်မည်ဖြစ်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက သံဃာတော် ၂၇ ပါးအား အရုဏ်ဆွမ်းဆက်ကပ်ကာ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြမည်ဖြစ်သည်။

ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ဘုရားပွဲတော်ရက်များတွင် နေ့၊ည ဖွင့်လှစ်ထားမည်ဖြစ်ပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို မတ်လ ၂၈ ရက်မှ ဧပြီလ ၅ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



# ဒိုက်ဦးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



ဒိုက်ဦး မတ် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပျဉ်ပုံလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ်လ ၂၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာတွင်းလမ်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ပျဉ်ပုံလေးကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကိုဆောင်ရွက်ပြီးလုပ်ငန်းများအား အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားသည်။

ဒိုက်ဦးမြို့နယ် ပျဉ်ပုံလေးကျေးရွာ၌ အရှည် ပေ ၉၉၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေ ငွေကျပ် ၂၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ပျဉ်ပုံလေးကျေးရွာရှိ အိမ်ခြေ ၂၄၁ အိမ်မှ လူဦးရေ ၁၁၅၉ ဦးတို့၏ လူမှုစီးပွားဘဝများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**

# မန္တလေး ပဲဈေးကွက်အတွင်း ပဲကြီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေ

မန္တလေး မတ် ၂၉

ပြည်တွင်း၊ ပြည်ပမှ စားသုံးသူများ ကြိုက်နှစ်သက်ကြသည့် အညာဒေသထွက် သီးနှံတစ်မျိုးဖြစ်သော ပဲကြီးများ မန္တလေးပဲဈေးကွက်အတွင်း ယခင်နှစ်များကထက် ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်း ကုန်သည်များ၏ပြောကြားချက်အရ သိရသည်။

ပဲကြီးကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြပြီး ယခုအခါ မန္တလေးပဲဈေးကွက်၌ ပဲကြီးများ ယခင်နှစ်များကထက် ဈေးကောင်းရရှိနေကြောင်း၊ လက်ရှိတွင် ပဲအရည်အသွေးပေါ်မူတည်ကာ ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

"မန္တလေးပဲဈေးကွက်မှာ အများပြည်သူစားသုံးမှုများတဲ့ ပဲကြီးတွေ အရောင်းအဝယ်ကောင်းပြီး တခြားပဲတွေထက် ဈေးကောင်းရရှိနေပါတယ်။ ပဲအမျိုးမျိုးထဲမှာ ပဲကြီးက အရသာအကောင်းမွန်ပြီး အာဟာရပြည့်ဝတဲ့ ပဲအမျိုးအစားထဲမှာ ပါတယ်။ ပဲကြီးကို တစ်နှစ်မှာ တစ်ရာသီသာစိုက်ပျိုးကြပြီး မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိတဲ့ပဲကြီးကို ပြည်တွင်းသာမက ပြည်ပကလည်း ကြိုက်နှစ်သက်တဲ့အတွက် နှစ်စဉ်ပြည်ပကိုလည်း တင်ပို့နေရပါတယ်" ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ပြည်တွင်း၌ ပဲကြီးအစိုကို ပဲကြီးနှပ်၊ ပဲကြီးဟင်းချို စသည့် ဟင်းလျာများအဖြစ် ချက်ပြုတ်စားသုံးကြပြီး ပဲကြီးအခြောက်ကို ပဲကြော်ဖိုလုပ်ငန်းများက ပဲကြော်၊ ပဲကြီးလှော်၊ ပဲဖူးကြော်၊ နှစ်ပြန်ကြော် စသည်ဖြင့် ထုတ်လုပ်ရောင်းချကြသည်။

ပဲကြီးကို နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် စတင်စိုက်ပျိုးကြပြီး နို့ဝင်ဘာလအတွင်း ပန်းများပွင့်ကာ ဇန်နဝါရီလတွင် ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# ပေါက်ခေါင်းမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကျင်းပ

ပေါက်ခေါင်း မတ် ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ပေါက်ခေါင်း) ရွှေရတုခန်းမ၌ ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကို မတ်လ ၂၈ ရက်က ကျင်းပသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲတွင် ပေါက်ခေါင်းမြို့နယ်မှ ပထမကြီးတန်းတွင် စာဖြေသံဃာတစ်ပါး၊ ပထမလတ်တန်းတွင် စာဖြေသံဃာခုနစ်ပါး၊ ပထမငယ်တန်းတွင် စာဖြေသံဃာ ၁၀ ပါးနှင့် အခြေပြုမူလတန်းတွင် စာဖြေသံဃာ ၁၀ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး စာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။ သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို ပေါက်ခေါင်းမြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ယခင်နှစ်က ကျင်းပခဲ့သော ပါဠိပထမပြန်စာမေးပွဲတွင် ပေါက်ခေါင်းမြို့နယ်မှ ပထမကြီးတန်းတွင် သံဃာနှစ်ပါး၊ ပထမတန်းတွင် သံဃာလေးပါးနှင့် အခြေပြုမူလတန်းတွင် သံဃာငါးပါးအောင်မြင်ခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# ကော့မှူးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အခြေခံအင်္ဂလိပ်စာ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ၊ စာရိတ္တများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အခြေခံအင်္ဂလိပ်စာ၊ ပန်းချီပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို မတ်လ ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်က ကျောင်းသား၊ ကျောင်းသူများ သင်ကြားတတ်မြောက်ခဲ့သည်များကို အသုံးချတတ်စေရန်၊ ကျွမ်းကျင်ပိုင်နိုင်စေရန် ဆက်လက်လေ့ကျင့်ကြရန်လိုကြောင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ကျောင်းသား၊ ကျောင်းသူများ ကျောင်းပိတ်ရက်တွင် အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်ပြီး အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ဘက်စုံထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန်သင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အင်္ဂလိပ်စာဆရာမ ဒေါ်မိုးကေသီ၊ ပန်းချီပညာရှင် ဦးနေနွယ်အောင်တို့က ဆုများရွေးချယ်ခြင်းနှင့်ပတ်သက်၍ပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်များ ပေးအပ်သည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က သင်တန်းဆရာ၊ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး အခြေခံအင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းများတွင် ဆုရရှိသူများကိုတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# ပရိသတ်များသောင်းကျန်းမှုကြောင့် ဖီနာဘာချီအသင်းအနေဖြင့် နော်တင်ဟမ်အသင်းကို လျော်ကြေးငွေပေးချေရမည်



လန်ဒန် မတ် ၂၉

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က ယူရိုပါလိဂ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် နော်တင်ဟမ်အသင်းနှင့် ဖီနာဘာချီအသင်းတို့ပွဲစဉ်တွင် ဖီနာဘာချီအသင်းပရိသတ်များ၏ သောင်းကျန်းမှုများကြောင့် နော်တင်ဟမ်အသင်းကို လျော်ကြေးငွေပေးချေရန် သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၇ ရက်က ယူရိုပါလိဂ်ပြိုင်ပွဲ(၁၆) သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် နော်တင်ဟမ်အသင်းအိမ်ကွင်း၌ ကစားသည့်ပွဲစဉ်တွင် ဖီနာဘာချီအသင်းပရိသတ်များသည် ပွဲချိန်ပထမပိုင်းတွင် မီးရှူးမီးပန်းများပစ်ဖောက်ကာ သောင်းကျန်းမှုများကြောင့် ပွဲကိုခေတ္တရပ်နားခဲ့ရသည်။

ဖီနာဘာချီအသင်းပရိသတ်များသည် မီးရှူးမီးပန်းများပစ်ဖောက်ခဲ့သည့်အပြင် နော်တင်ဟမ်အသင်းအားကစားကွင်းရှိ ပွဲကြည့်စင်မှ ထိုင်ခုံများကိုလည်း ရိုက်ချိုးဖျက်ဆီးမှုများပါ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ဖီနာဘာချီအသင်းကို ယူရို ၂၀၅၀၀ အပြင် ထပ်ဆောင်းဒဏ်ငွေ ၃၀၀၀၀ စုစုပေါင်း ယူရို ၅၀၅၀၀ ကို နော်တင်ဟမ်အသင်းထံပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဥရောပဘောလုံးအဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီတွင်လည်း ဖီနာဘာချီအသင်းကို အဝေးကွင်းပွဲစဉ်များ၌ ပရိသတ်များအား လက်မှတ်ရောင်းချခြင်းမပြုရန် ထပ်တိုးပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# ယခုဘောလုံးရာသီအကုန်တွင် ရီးယဲလ်မက်ဒရစ်အသင်းမှထွက်ခွာရန် ကွင်းလယ်ကစားသမား စီဘယ်လော့ ဆုံးဖြတ်

မက်ဒရစ် မတ် ၂၉

ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား စီဘယ်လော့က ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ် စီဘယ်လော့သည် ၂၀၂၁ ခုနှစ်က အာဆင်နယ်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းထံ ဒုတိယအကြိမ်ပြန်လည်ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီ ငါးရာသီအကြာတွင် အသင်းမှပြန်လည်ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စီဘယ်လော့နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံးရန် လအနည်းငယ်အလိုထိ ရီးယဲလ်မက်ဒရစ်အသင်းထံမှ စာချုပ်သစ်အတွက် ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိသည့်အတွက် ရာသီအကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စီဘယ်လော့သည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ပထမအကြိမ်အဖြစ် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကစားခဲ့ပြီး ပြိုင်ပွဲစုံ ၅၆ ပွဲပါဝင်ကစားခဲ့ကာ ငါးဂိုးသွင်းယူနိုင်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် ကစားခဲ့ရာတွင် ပြိုင်ပွဲစုံ ၁၅၈ ပွဲအထိပါဝင်ကစားပေးထားပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

စီဘယ်လော့က ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန်အတည်ပြုခဲ့ပြီးနောက် ၎င်းကို ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန်ကြိုးပမ်းလျက်ရှိနေပြီး မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းကလည်း ခေါ်ယူရန်ပစ်မှတ်ထားနေသည်။

စီဘယ်လော့သည် ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၆ ပွဲပါဝင်ကစားခဲ့သော်လည်း ပွဲစဉ်အများစုကို လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# အသင်းမှထွက်ခွာရန် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်မည်မဟုတ်ဟု မန်ယူအသင်း ကွင်းလယ်ကစားသမား ကက်စ်မဲရိုးပြောကြား



မန်ချက်စတာ မတ် ၂၉

မန်ယူအသင်း ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုးက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည့်ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်သွားမည်မဟုတ်ဘဲ ယခင်ဆုံးဖြတ်ချက်အတိုင်း ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ကက်စ်မဲရိုးသည် ၂၀၂၂ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် ခြေစွမ်းပိုင်းကျဆင်းမှုများနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

ကက်စ်မဲရိုးက "ကျွန်တော့်ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်မှာမဟုတ်ပါဘူး၊ ကျွန်တော်မန်ယူအသင်းမှာရှိတဲ့အချိန်တွေမှာ ပျော်ရွှင်ခဲ့ရပါတယ်။ အသင်းအတွက်လည်း အခုဘောလုံးရာသီကုန်အထိ အာရုံစိုက်ပြီး အကောင်းဆုံးပေးဆပ်သွားမှာပါ။ ဒီဘောလုံးရာသီကုန်ရင်တော့ ကျွန်တော်အသင်းကနေထွက်ခွာမှာပါ" ဟုပြောသည်။

ကက်စ်မဲရိုးသည် ယခုဘောလုံးရာသီ၌ နည်းပြအမိုရင်လက်အောက်တွင် ခြေစွမ်းပြနိုင်ရန်ရုန်းကန်ခဲ့ရသော်လည်း လက်ရှိနည်းပြ မိုက်ကယ်ကာရစ်လက်အောက်တွင် တစ်ကျော့ပြန်လည်ခြေစွမ်းပြနိုင်ပြီးနောက် အသင်းပရိသတ်များကလည်း ကက်စ်မဲရိုးကို နောက်ထပ်ဘောလုံးတစ်ရာသီတွင် အသင်း၌ ဆက်လက်ကစားပေးရန်တောင်းဆိုမှုများရှိခဲ့သော်လည်း ကက်စ်မဲရိုးကိုယ်တိုင်က ယခင်ဆုံးဖြတ်ထားသည့်အတိုင်း ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်သည်။

မန်ယူအသင်းကလည်း ကက်စ်မဲရိုးနေရာတွင် အစားထိုးရန် ကစားသမားရှာဖွေမှုများလုပ်ဆောင်နေပြီး လက်ရှိတွင် နယူးကာဆယ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တိုနယ်လီကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ကက်စ်မဲရိုးသည် ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀ ကစားပြီးချိန်တွင် ခုနစ်ဂိုးသွင်းယူထားပြီး အသင်းနှင့်အတူပထမဆုံးဘောလုံးရာသီက သွင်းဂိုးအရေအတွက်ကို ရာသီမကုန်ဆုံးမီ လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

*Ref;The Athletic*

# စီရော်နယ်ဒိုအနေဖြင့် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီး လေ့ကျင့်မှုများပြန်လည်လုပ်ဆောင်

ရီယက် မတ် ၂၉

အယ်နာဆာအသင်းအဓိကကစားသမား စီရော်နယ်ဒိုသည် တံကောက်ကြောဒဏ်ရာမှ ပြန်လည်သက်သာလာပြီးနောက် အသင်းနှင့်ပူးပေါင်းကာ လေ့ကျင့်မှုများ ပြန်လည်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် မတ်လ ၁ ရက်က ကစားခဲ့သည့် အယ်နာဆာအသင်းနှင့် အယ်ဖေဟာအသင်းတို့ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိပြီးနောက် အနားယူနေခဲ့ရသည့်အတွက် အသင်းနှင့်ပွဲစဉ်တချို့ကို လွဲချော်ခဲ့ရသည်။

စီရော်နယ်ဒိုသည် တံကောက်ကြောဒဏ်ရာကို စပိန်နိုင်ငံတွင်သွားရောက်ကာ ဆေးကုသမှုများလုပ်ဆောင်ပြီးနောက် အစောပိုင်းက ရက်ပိုင်းသာ အနားယူရဖွယ်ရှိသည်ဟု ခန့်မှန်းထားသော်လည်း ဒဏ်ရာမှာပြင်းထန်သည့်အတွက် ကာလအတန်ကြာအနားယူနေခဲ့ရခြင်းဖြစ်သည်။

ယခုအခါ စီရော်နယ်ဒိုအနေဖြင့် ဒဏ်ရာပြန်လည်သက်သာလာပြီး လေ့ကျင့်မှုများလုပ်ဆောင်လျက်ရှိသည့်အတွက် လာမည့် ဧပြီလ ၄ ရက်တွင်ကစားမည့် အယ်နာဆာအသင်းနှင့် အယ်နာဂျီမာအသင်းတို့ပွဲစဉ်တွင် ပြန်လည်ကစားနိုင်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဖြင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ်ပုံမှန်ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊
(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွှင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက် ဆောင်ရွက်ရန်၊
(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊
(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟုသံသယရှိပါကသက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာလွှတ်ကျောင်းခြင်းပြုရန်၊
(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊
(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊
(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊
(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက် စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊
(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊
(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ပြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခပ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလေမှုတ်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကိုတံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com




ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်




ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့်
သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်း– ဖုန်း – ၀၉ ၆၉၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအာစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန -ဖုန်း – ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

❖ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်...

❖ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးအထူးအလေးပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပြုလုပ်သော မွန်ပြည်နယ်ရှိပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

နေပြည်တော် မတ် ၂၉

၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကိုဖော်ကျူးထားသောပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ ❐**



နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



# Mountain Bike(MTB) အမျိုးသား/အမျိုးသမီး (လူသစ်တန်း)စက်ဘီးစီးပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သစ်တောဦးစီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ လော်ကားသဘာဝဥယျာဉ်သို့ Mountain Bike(MTB) အမျိုးသား/အမျိုးသမီး (လူသစ်တန်း) စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြိုင်ပွဲဝင်စက်ဘီးသမားများအား အချက်ပေးသေနတ်ပစ်ဖောက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**စာမျက်နှာ ၁၁ ကော်လံ ၃ ❍**

## ကမ္ဘောဒီးယားတွင် ဒီဇယ်နှင့်ဓာတ်ငွေ့ ဈေးနှုန်းများ ထပ်မံမြင့်တက်

စာ - ၂၃ သို့

.............

## လာအိုတွင် ရာသီဥတု ပူပြင်းလာမှုအတွက် သတိပေးချက်ထုတ်ပြန်

စာ - ၂၃ သို့


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ပုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းမြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု